# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၀၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား

နေပြည်တော် အောက်တိုဘာ ၆

ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ အဘိဓမ္မာတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၁ ✪


**ယနေ့ ဖတ်စရာ**


အနောက်တောင်မုတ်သုံလေဆုတ်ခွာပြီး မိုးလွန်ကာလကြုံတွေ့ရလေ့ရှိသော ရာသီဥတုအခြေအနေများ — ဆောင်းပါး စာ ၆

မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုရန် အာဟာရပြည့်ဝသော အညှောက်ဖောက်အစာစိမ်း — ဆောင်းပါး စာ ၁၀

ဆေးပညာ နိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦး ပူးတွဲဆွတ်ခူး — နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပဲခူးမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်၊ မီးမျှောပူဖော်ပွဲ၊ MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်ကုန်များပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယမန်နေ့ ညနေပိုင်းက ပဲခူးမြို့ သီတင်းကျွတ်မီးထွန်းပွဲတော်၊ မီးမျှောပူဖော်ပွဲ၊ MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်ကုန်များပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ သတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြို့မိမြို့ဖ နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် သီတင်းကျွတ် မီးထွန်းပွဲတော် ကျင်းပရာ ရွှေမော်ဓောဘုရားလမ်းတစ်လျှောက်ရှိ မီးအလှရုပ်ပုံများနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲအလှဆင်ထားရှိမှုတို့ကို အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသည့် ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ပဲခူးမြစ်၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ် မီးမျှောပူဖော်ပွဲတော်ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရပ်ကွက်နေပြည်သူများနှင့်အတူ မြတ်ဗုဒ္ဓထံ ရည်မှန်း၍ မီးကြာခွက် ၂၀၀၀ မီးမျှောပူဖော်ကြသည်။



ညပိုင်းတွင် ပဲခူးမြို့ ရေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားဝင်း၌ ကျင်းပသည့် MSMEs လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက MSMEsလယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြိုင်ပွဲနှင့် ယိမ်းပြိုင်ပွဲဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်သည်။

ပဲခူးမြို့ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ လာရောက်လည်ပတ်အားပေးသည့် ဧည့်ပရိသတ်များကို နိုင်ငံကျော်အဆိုတော်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်ဖွင့်ပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်အခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၆** စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ပြည်သူ့ဥယျာဉ် မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မုံရွာမြို့ပေါ်ရှိ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ပြည်သူ့ဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသည့် အမှတ်(၂)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာ/ပန်းဖွားအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆင်အကဖျော်ဖြေနေမှုကို ကြည့်ရှုပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များနှင့် ဆန်/ဆီ ကုန်သည်ကြီးများအသင်းများမှ စတုဒိသာ မဏ္ဍပ်များဖြင့် စားသောက်ဖွယ်ရာများ တပျော်တပါး ကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ညပိုင်းတွင် အဆိုပါဥယျာဉ်အနီးရှိ အောင်ဆုပန်စေတီတော်ကြီးရင်ပြင်၌ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ဆီးမီး ၂၅၀၀ ထွန်းညှိပူဇော်ခြင်းနှင့် ပြည်သူ့ဥယျာဉ် ရင်ပြင်အတွင်း မီးပုံးပျံအလုံး ၁၀၀၀ လွှတ်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၆**
မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများ စည်ကားနေမှုကို ဤသို့တွေ့ရသည်။

✪ *ရှေ့ဖုံးမှ*

နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လက်လုပ်တောင်၊ ရွှေနန်းသွင်းစေတီတော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် “ဖွား၊ ပွင့်၊ ဟော၊ စံ” သံဝေဇနိယ (၄)ဌာန အပါအဝင် ဘုရား၊ စေတီ၊ ပုထိုး၊ ဘုန်းကြီးကျောင်းများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်ကို တွေ့မြင်ရသည်။

ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ စွမ်းအင်ဝန်ကြီးဌာနက ကြီးမှူး၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြပြီး ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များအပါအဝင် အခြားသာသနိက အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလှလာခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်းစသည့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားခဲ့သည်။

ထို့ပြင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ အများပြည်သူ အပန်းဖြေအနားယူရာနေရာများတွင် ပြည်သူများသည် လွတ်လပ်ပျော်ရွှင်စွာ အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် သီတင်းကျွတ်တေးဂီတဖျော်ဖြေပွဲနှင့် ညဈေးရောင်းပွဲတော်အတွင်း မြန်မာ့ရိုးရာအစားအစာများနှင့် အခြား စားသောက်ဖွယ်ရာများရောင်းချလျက်ရှိသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက DJ၊ Music Band များနှင့်အတူ တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ပြည်သူအများ အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြပြီး လာရောက်ကြည့်ရှုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။



**မင်းကျော်စွာ၊ ဓာတ်ပုံ–ပြည့်စုံအောင်**

## ဘယ်လာရုစ်တေးဂီတအဖွဲ့၏ ဒုတိယမြောက်တေးဂီတဖျော်ဖြေပွဲကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ် တေးဂီတအဖွဲ့၏ ဒုတိယမြောက် ချစ်ကြည်ရေး တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းက ပြင်ဦးလွင်မြို့ တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alex–ander Ostrovskiy နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ အဆင့်မြင့်အရာရှိကြီးများ၊ အရာရှိ၊ အရာခံအကြပ်စစ်သည်များနှင့် မိသားစုများ၊ သင်တန်းသားဗိုလ်လောင်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy က မိတ်ဆက်စကား ပြောကြားသည်။



ထို့နောက် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ရုရှားနှင့်ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့် တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅)နှစ်ပြည့် ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့်တေးသီချင်း၊ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင်ပုဂံမြို့အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်းများ၊ ဘယ်လာရုစ်ရိုးရာ တေးသီချင်းများ၊ ကာလပေါ်တေးသီချင်းများ အပါအဝင် စုစုပေါင်း ၁၇ ပုဒ် သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲပြီးဆုံးပြီးနောက် နယ်မြေခံတပ်နယ်မှူးနှင့် ဇနီးတို့က ဘယ်လာရုစ်အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း/ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ ဘယ်လာရုစ် တေးဂီတအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) မှ အနုပညာရှင်များနှင့် ပူးပေါင်း၍ မြန်မာ – ဘယ်လာရုစ် ပူးပေါင်း တေးဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ ဘယ်လာရုစ် တေးဂီတအဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင်လည်း မြန်မာ–ရုရှား–ဘယ်လာရုစ် သုံးနိုင်ငံ အဆိုအကများ ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှု တည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှု အနုပညာပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ – ရုရှား ချစ်ကြည်ရေး အသင်းတို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

ယနေ့သည် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရား၊ စေတီများ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြရာ အဘိဓမ္မာဒေသနာတော်တရားသံများဖြင့် အေးချမ်းသာယာလျက်ရှိပြီး ကုသိုလ်ကောင်းမှုပြုကြသူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိ သည်။



ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ) ရေစက်ချအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များ (အောင်ပွဲ) နှင့် ရေစက်ချအခမ်းအနားကို ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဘိဇာတထံမှ ညွှန်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကိုယ်စားအလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးထိန်ဝင်းက ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ညွှန်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြကာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး ရင်ပြင်နှင့် စောင်းတန်းလေးသွယ်၌ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး အထူးစည်ကားလျက်ရှိပြီး အလှူရှင်များက စတုဒိသာအဖြစ် ရေသန့်၊ အချိုရည်၊ ပေါင်မုန့်များ ကျွေးမွေးကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်မဟာဓမ္မရုံသီအိမ်တော်ရာစေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင်လည်း ဂေါပကအဖွဲ့များကကြီးမှူး၍ ယနေ့နံနက်ပိုင်းအရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများက ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ယနေ့ မြတ်ဗုဒ္ဓ၏မယ်တော်အပ်ရာနေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ အလှူရှင်များက စတုဒိသာကျွေးမွေး လှူဒါန်းကြခြင်း၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**သတင်း – ခတ်ပုံ**
**ဇော်မင်းလတ်(MNA)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# အနောက်တောင်မုတ်သုံလေဆုတ်ခွာပြီး မိုးလွန်ကာလ ကြုံတွေ့ရလေ့ရှိသော ရာသီဥတုအခြေအနေများ

*ဒေါက်တာကျော်(မိုးလေဝသကျောင်း)*

မိုးဥတု၏ ပုံမှန်ပူနွေးစိုစွတ်သော ရာသီဥတုက မုတ်သုံကာလ ကုန်ဆုံးခါနီးအချိန်တွင် အနည်းငယ် အေးမြစိုစွတ်သည့် မိုးလေဝသအခြေအနေဘက်သို့ ကူးပြောင်းလာခြင်းမှာ သဘာဝတရားက ထိုဒေသသည် ဆောင်းဥတုသို့ ဝင်ရောက်ရန် အသင့်ပြင်ဆင်နေပြီဟူသော ကြိုတင်အချက်ပြမှုပင် ဖြစ်ပါသည်။

တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ဥရောပနိုင်ငံများကဲ့သို့သော ကမ္ဘာ့မြောက်ခြမ်း သမပိုင်းဇုန်အတွင်း တည်ရှိသောဒေသများတွင် ထိုအပူအအေးပြောင်းလဲမှုသည် အလွန်သိသာစွာ ခံစားရသော်လည်း အီကွေတာရပ်ဝန်း အပူပိုင်းဇုန်အတွင်း ကျရောက်နေသော ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ ဒေသများအတွက် အဆိုပါပြောင်းလဲမှုသည် သိသာစွာ မခံစားရ။ သို့သော် ဤကူးပြောင်းမှုကာလသည် ရာသီဥတုတစ်ခုမှ တစ်ခုသို့ အေးဆေးညင်သာစွာ ပြောင်းလဲနေခြင်းမျိုးမဟုတ်ဘဲ နေ့တစ်နေ့၏ မိုးလေဝသအခြေအနေများမှာ လျင်မြန်စွာ ပြောင်းလဲတတ်သော (ဥပမာ-ယခုနေသာ ခဏနေမိုးရွာ) မတည်ငြိမ်ဆုံးသော အချိန်ကာလပင်ဖြစ်ပါသည်။

အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသ (မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် စသည့် နိုင်ငံများ)အတွက် စက်တင်ဘာလ နှောင်းပိုင်းမှ နိုဝင်ဘာလအကုန်အထိကို မိုးလွန်ကာလ (သို့မဟုတ်) အနောက်တောင်မုတ်သုံအလွန်ကာလ (Post-Monsoon Season)အဖြစ် အကြမ်းဖျင်းသတ်မှတ်နိုင်ပါသည်။ ဤကာလအတွင်း ကြုံတွေ့ရနိုင်သော ရာသီဥတုဖြစ်ရပ်များမှာ သာမန်ထက်ပိုမို၍ ကြမ်းတမ်းပြင်းထန်တတ်ကာ လူနေမှုဘဝ၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသစီးပွားရေးများအပေါ် ကြီးမားသော စိန်ခေါ်မှုများ ယူဆောင်လာလေ့ရှိပါသည်။ အထူးသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု (Climate Change)၏ အကျိုးဆက်ကြောင့် ဤမုတ်သုံလွန်ကာလ၏ မိုးလေဝသအခြေအနေများမှာ ပိုမိုသိသာစွာ ပြင်းထန်ဆိုးရွားလာသည်ကို တွေ့မြင်နေရပါသည်။

### မြန်မာ့မုတ်သုံ၏ မိုးရာသီစက်ဝန်း


မြန်မာနိုင်ငံအပါအဝင် အင်ဒိုချိုင်းနားဒေသသည် အရှေ့မြောက် (Northeast Monsoon) နှင့် အနောင်တောင်မုတ်သုံရာသီ (Southwest Mon-soon) တို့၏ လွှမ်းမိုးမှုအောက်တွင် ရှိပါသည်။ ယေဘုယျအားဖြင့် အနောက်တောင်မုတ်သုံဝင်ချိန် (Pre-Monsoon) မိုးဦးကာလသည် မေလလယ်ခန့်တွင် စတင်ပြီး မိုးလယ်သည် ဇွန်လမှ ဩဂုတ်လအတွင်းဖြစ်ကာ စက်တင်ဘာလသည် အနောက်တောင်မုတ်သုံလေ စတင်ဆုတ်ခွာသောလ ဖြစ်သည်။

အရှေ့မြောက်မုတ်သုံကာလမစမီ အောက်တိုဘာလမှ နိုဝင်ဘာလများကို မိုးလွန်ကာလအဖြစ် သုတေသနမှတ်တမ်းများအရ သတ်မှတ်နိုင်သည်။ ဤကာလတွင် မြန်မာနိုင်ငံအပေါ် အနောက်တောင်မုတ်သုံလေ၏ သက်ရောက်မှု လျော့နည်းသွားပြီး အရှေ့ဘက်မှ အရှေ့လေပွေလှိုင်းများသာမက အပူပိုင်းတိုင်ဖွန်း မုန်တိုင်းများ၏ လွှမ်းမိုးမှု ပိုမိုခံရသော အချိန်ကာလပင်ဖြစ်ပေတော့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းဒေသများသည်လည်း အတ္တလန္တိတ်သမုဒ္ဒရာမှ ရေငွေ့များ သယ်ဆောင်လာပြီး မြေထဲပင်လယ်ဒေသကိုဖြတ်၍ အရှေ့ဘက်ဟိမဝန္တာတောင်ခြေတစ်လျှောက်သို့ ခရီးနှင်လာလေ့ရှိသော အနောက်လေပွေလှိုင်းများ၏ သက်ရောက်မှုကို ခံစားတွေ့ကြုံရလေ့ရှိပါသည်။

### မြန်မာနိုင်ငံ မိုးလွန်ကာလ မိုးရေချိန် ပြောင်းလဲလာမှု

ဖော်ပြထားသော မြေပုံများသည် မြန်မာနိုင်ငံ၏ မိုးလွန်ကာလ တစ်နည်း မုတ်သုံရာသီလွန်ကာလဖြစ်သော အောက်တိုဘာလနှင့် နိုဝင်ဘာလ စုစုပေါင်း မိုးရေချိန်ကို ၁၉၈၁-၁၉၉၀ ဆယ်စုနှစ်နှင့် ၂၀၁၀-၂၀၂၀ ဆယ်စုနှစ် နှစ်ခုတို့အကြား နှိုင်းယှဉ်ပြထားခြင်း ဖြစ်ပါသည်။ ပုံ(က)အရ မိုးရေချိန်အများဆုံးရရှိသော ဒေသများမှာ အများသိရှိထားပြီးဖြစ်သည့် ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် တနင်္သာရီကမ်းရိုးတန်းတို့ပင်ဖြစ်ပြီး အလယ်ပိုင်းမိုးနည်းချိုင့်ဝှမ်းရပ်ဒေသသည် မိုးရေချိန် အနည်းဆုံးရရှိသည်ကို တွေ့ရပါသည်။

သို့သော် ၁၉၉၀ ရှေ့ပိုင်းနှင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဆယ်စုနှစ်နှစ်ခုအကြား ကွာခြားချက်ကို ကြည့်ပါက (ပုံ-၁-ဂ)၊ ၂၀၁၁-၂၀၂၀ ဆယ်စုနှစ်တွင် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် (ချင်းပြည်နယ် တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း)၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသနေရာ အတော်များများတို့၌ မိုးရေချိန် (အစိမ်းရောင်များဖြင့်) သိသိသာသာ တိုးလာသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင် တနင်္သာရီကမ်းရိုးတန်းဒေသအချို့၌ မိုးရေချိန် အနည်းငယ် လျော့ကျသွားသည် (အနီရောင်/လိမ္မော်ရောင်)ကိုလည်း တွေ့ရှိရပါသည်။



၁၀ စုနှစ်အလိုက် အောက်တိုဘာ+နိုဝင်ဘာလများအတွင်း ဖြစ်ပေါ်ခဲ့သော ပျမ်းမျှစုစုပေါင်းမိုးရေချိန်

နေ့စဉ်ပျမ်းမျှမိုးရေချိန်ဇယား (Temporal Plot) အရလည်း မြန်မာနိုင်ငံ ပျမ်းမျှ နေ့စဉ်မိုးရေချိန်သည် ၂၀၁၀-၂၀၂၀ ဆယ်စုနှစ်အတွင်း ၁၉၈၁-၁၉၉၀ ဆယ်စုနှစ်ထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရပါသည်(ပုံ-၂)။ အထူးသဖြင့် အောက်တိုဘာလလယ်ပိုင်းမှစ၍ နောက်ဆုံးဆယ်စုနှစ်၏ နေ့စဉ်ပျမ်းမျှနှုန်း (အစိမ်းမျဉ်းပြတ်)သည် ၁၉၈၀ ဆယ်စုနှစ် (အပြာမျဉ်းပြတ်)ထက် သိသိသာသာ ပိုများနေသဖြင့် မုတ်သုံရာသီကုန်ဆုံးပြီးနောက်ပိုင်း မိုးရေချိန်ရရှိမှု ပုံစံသည် ရွာသွန်းနှုန်း ပိုမိုပြင်းထန်လာခြင်း သို့မဟုတ် မိုးရွာသည့်ရက်ပိုများလာခြင်းကို ညွှန်ပြနေပါသည်။

### အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ (Untimely Rainfall)

အထက်ဖော်ပြပါ မိုးလွန်ကာလ၏ မူမမှန်သော မိုးရွာသွန်းမှုဖြစ်ဉ်များ၏ အဓိကအကြောင်းအရာမှာ ရုတ်တရက်ဖြစ်ပေါ်လာသော မိုးတိမ်တောင်များ၊ လေပွေလှိုင်းများနှင့် မုန်တိုင်းဖြစ်စဉ်များ လက်ရှိနှစ်များအတွင်း ပိုမိုဖြစ်ပေါ်လာခြင်းကြောင့်ပင် ဖြစ်သည်။ မိုးလွန်ကာလသည် အနောက်လေမှ အရှေ့လေသို့ ကူးပြောင်းတိုက်ခတ်သည့် ကာလဖြစ်သောကြောင့် ပစိဖိတ်သမုဒ္ဒရာအနောက်ခြမ်းမှ မုန်တိုင်းများ၊ လေပွေလှိုင်းများက ၎င်းတို့ပြင်းအားပေါ်မူတည်၍ ရေငွေ့များ၊ မိုးတိမ်တောင်များကို အရှေ့လေနှင့်အတူ သယ်ဆောင်လာခြင်းဖြင့်လည်း မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့အတူ မိုးရာသီကုန်ဆုံးသွားပြီဟု ထင်မှတ်နိုင်သော မိုးလွန်ကာလ ပူပြင်းသော နေပူရှိန်သည် နေ့လယ်ခင်းတွင် မြေပြင်အား ပူနွေးလာစေပြီး အဆိုပါမြေနှင့် ထိစပ်လျက်ရှိသော လေပူများသည် မိုးတွင်းကာလတစ်ခုလုံး ရရှိစုဆောင်းထားသော မြေပြင်မှ ရေငွေ့များကို သယ်ဆောင်၍ အထက်သို့ မြန်ဆန်စွာ တက်သွားကာ ရူပဗေဒဖြစ်စဉ်များအရ ကြီးမားသော မိုးတိမ်တောင်ကြီးများ (Cumulon-imbus Clouds- CB Clouds) အဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာပေတော့သည်။ ဤမိုးတိမ်တောင်ကြီးများသည် လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသီးကြွေခြင်းနှင့် အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် မိုးလွန်ကာလ မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေပေသည်။

ဤဖြစ်စဉ်များသည် ဒေသ/နေရာများကွက်၍သာ ဖြစ်ပေါ်တတ်သော်လည်း ယင်းတို့၏ မိုးရွာသွန်းမှု ပြင်းထန်တတ်သော စရိုက်လက္ခဏာကြောင့် မြို့ပြဒေသများတွင် ဖြစ်ပေါ်ပါက ရုတ်တရက်ရေကြီးရေလျှံမှုများ (Urban Flood)၊ ကျေးလက်ဒေသများတွင် ဖြစ်ပေါ်ပါက မြေပြိုမှုများ (Land Slide) နှင့် ရုတ်တရက်ရေလွှမ်းမိုးမှုများ (Flash Flood) ဖြစ်ပေါ်စေနိုင်သည်။ လက်ရှိ သုတေသနလေ့လာမှုများအရ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဤအချိန်အခါမဟုတ် မိုးရွာသွန်းမှုများ၏ ကြိမ်နှုန်းနှင့် ပြင်းအားများသည် မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသ အတော်များများတွင် တိုးတက်ပြင်းထန်လာနေကြောင်း တွေ့ရပါသည်။

### မိုးလွန်ကာလ မုန်တိုင်းများ၏ ခြိမ်းခြောက်မှု

မိုးလွန်ကာလအတွင်း အင်ဒိုချိုင်းနားဒေသ၏ ရာသီဥတုအပေါ် လွှမ်းမိုးမှုအရှိဆုံးဖြစ်စဉ်မှာ အရှေ့ဘက် တောင်တရုတ်ပင်လယ်ပြင်မှ တိုင်ဖွန်းမုန်တိုင်းများပင်ဖြစ်သည်။ တောင်တရုတ်ပင်လယ်ပြင်နှင့် ပစိဖိတ်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်တတ်သော ဤမုန်တိုင်းများသည် အနောက်ဘက်သို့ သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားလေ့ရှိပြီး ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံအထိ သက်ရောက်မှုရှိသည်။ ပျမ်းမျှအားဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် နှစ်စဉ် တိုင်ဖွန်းမုန်တိုင်း ၁၅ ကြိမ်မှ အကြိမ် ၂၀ ခန့် ဖြစ်ပေါ်လေ့ရှိပြီး ယင်းတို့အနက် အနည်းဆုံး လေးကြိမ်မှ ခြောက်ကြိမ်ခန့်သည် ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်လေ့ရှိသည်။ ထိုမုန်တိုင်းများထဲမှ အချို့သည် တစ်ခါတစ်ရံ ကပ္ပလီပင်လယ် (Andaman Sea) မှ ဘင်္ဂလားပင်လယ်အော်အထိ ရောက်ရှိလာတတ်သည်။

အဆိုပါ မုန်တိုင်းများသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပါက လေတိုက်နှုန်း အား လျော့သွားသော်လည်း

စာမျက်နှာ ၇ သို့

- **မိုးလွန်ကာလ၏ မူမမှန်သော မိုးရွာသွန်းမှုဖြစ်စဉ်များ၏ အဓိကအကြောင်းအရာမှာ ရုတ်တရက်ဖြစ်ပေါ်လာသော မိုးတိမ်တောင်များ၊ လေပွေလှိုင်းများနှင့် မုန်တိုင်းဖြစ်စဉ်များ လက်ရှိနှစ်များအတွင်း ပိုမိုဖြစ်ပေါ်လာခြင်းကြောင့်ပင် ဖြစ်သည်။ မိုးလွန်ကာလသည် အနောက်လေမှ အရှေ့လေသို့ ကူးပြောင်းတိုက်ခတ်သည့် ကာလဖြစ်သောကြောင့် ပစိဖိတ်သမုဒ္ဒရာအနောက်ခြမ်းမှ မုန်တိုင်းများ၊ လေပွေလှိုင်းများက ၎င်းတို့ပြင်းအားပေါ်မူတည်၍ ရေငွေ့များ၊ မိုးတိမ်တောင်များကို အရှေ့လေနှင့်အတူ သယ်ဆောင်လာခြင်းဖြင့်လည်း မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေနိုင်**
- **မိုးတိမ်တောင်ကြီးများသည် လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသီးကြွေခြင်းနှင့် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် မိုးလွန်ကာလ မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၈၂ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

*စာမျက်နှာ ၆ မှ*

မိုးသည်းထန်စွာရွာသွန်းမှုများကို ဆက်လက်ဖြစ်ပေါ်စေနိုင်ကာ မြစ်ချောင်းများ ရေလျှံမှုများ၊ ရေကြီးမြေပြိုမှုများကို ဖြစ်စေနိုင်သည်။ မိုးလွန်ကာလ ဘင်္ဂလားပင်လယ်အော်ဘက်တွင်လည်း ဆိုင်ကလုန်းမုန်တိုင်းနှင့် မုန်တိုင်းငယ်များက မိုးဦးကာလ (ဧပြီ-မေလ)များထက် ကြိမ်ရေများများ ဖြစ်ပေါ်တတ်သော်လည်း ယင်းတို့၏ ပြင်းအားနှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်ခြေမှာ အလွန်နည်းပါးလေ့ရှိပါသည်။ သို့သော် လေ့လာမှုများအရ လက်ရှိနှစ်များအတွင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာမှုနှင့်အတူ ဤမုန်တိုင်းများ၏ ပြင်းအားသည်လည်း ပိုမိုမြင့်မားလာနိုင်ကြောင်း ညွှန်ပြနေသည်။

### ရေကြီးရေလျှံမှုများ

ခန့်မှန်းရခက်သော အချိန်အခါမဟုတ် မိုးရွာသွန်းမှုများသည် မြို့ပြဒေသများတွင် ရေမြောင်းများ လျှံတက်ကာ ရေကြီးရေလျှံမှုများ ဖြစ်စေနိုင်သည့်အပြင် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ဖြစ်ပေါ်လာသော မိုးသည်းထန်စွာ ရွာသွန်းမှုများသည်လည်း မြစ်ချောင်းများ ရေလျှံမှုကို ဖြစ်ပေါ်စေနိုင်ပြီး ကျေးရွာများနှင့် စိုက်ခင်းများကို နစ်မြုပ်စေနိုင်သည်။ မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်၊ချောင်းများအနီးရှိ ဒေသများသည် ဤဘေးအန္တရာယ်ကို အထူးသဖြင့် ခံစားရလေ့ရှိသည်။

### ကာကွယ်ရေးနှင့် ပြင်ဆင်ရေးအကြံပြုချက်များ

အထက်ပါ ဘေးအန္တရာယ်များကို စနစ်တကျ ရင်ဆိုင်ကျော်လွှားနိုင်ရန် အောက်ပါအချက်များကို အကြံပြုအပ်ပါသည်-

(က) **မိုးလေဝသသတင်းကို မပျက်မကွက်နားထောင်ပါ။** မိုးလွန်ကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များကို နေ့စဉ်နားထောင်သင့်သည်။ မုန်တိုင်းသတိပေးချက်များ၊ ရေဘေးသတိပေးချက်များ ထုတ်ပြန်ပါက ကမ်းရိုးတန်းဒေသရှိ လူများသည် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အဆင်သင့်ပြင်ဆင်ထားရမည်။

(ခ) **ရုတ်တရက် ရေလွှမ်းမိုးမှုအတွက် သတိထားပါ။** မြေနိမ့်သောဒေသများ၊ မြစ်ချိုင့်ဝှမ်းများနှင့် ရေစီးကြောင်းအနီးတွင် နေထိုင်သူများသည် ရုတ်တရက်ရေလွှမ်းမိုးမှု (Flash Flood) အတွက် အထူးသတိထားရမည်။ မိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် ရေနက်သောနေရာများကို တတ်နိုင်သမျှ ဖြတ်သန်းခြင်း မပြုသင့်ပါ။

(ဂ) **လျှပ်စီးလက်ခြင်းမှ ကာကွယ်ပါ။** မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်နေချိန်နှင့် မိုးသက်မုန်တိုင်းကျနေချိန်တွင် ပြင်ပရှိ ကွင်းပြင်များ၊ ရေထဲ၊ သစ်ပင်အောက်များတွင် မနေပါနှင့်။ ကွန်ကရစ်ခိုင်မာသော အဆောက်အအုံများအတွင်း ခိုလှုံနေရပါမည်။

(ဃ) **ကျန်းမာရေးကို အထူးဂရုစိုက်ပါ။** အပူချိန်အပြောင်းအလဲကြောင့် ဖျားနာခြင်းမှ ကာကွယ်ရန် ကိုယ်ခံအားကို မြှင့်တင်ပေးသော အစားအစာများ စားသုံးသင့်သည်။ ရေကြီးရေလျှံဒေသများတွင် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နိုင်ရန် သန့်ရှင်းသော(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာ သောက်သုံးသင့်သည်။

(င) **စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့်** ရိတ်သိမ်းချိန်နီးပါး သီးနှံများအား မိုးဒဏ်မှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်သည်။ ရာသီဥတုခန့်မှန်းချက်ကို နေ့စဉ် စောင့်ကြည့်ကာ လိုအပ်ပါက အရေးပေါ်ရိတ်သိမ်းခြင်းများ ပြုလုပ်သင့်သည်။

- **သီးနှံရွေးချယ်စိုက်ပျိုးခြင်းနှင့် အချိန်ဇယားချမှတ်ခြင်း**
  - မိုးရာသီကုန်ဆုံးချိန်တွင် ရိတ်သိမ်းနိုင်သော သီးနှံမျိုးများ (မိုးစပါးရိတ်သိမ်းချိန် စောသောမျိုးစေ့များ)ကိုဦးစားပေးရွေးချယ် စိုက်ပျိုးသင့်သည်။
  - ရာသီဥတုခန့်မှန်းချက်ကို အခြေခံ၍ ရိတ်သိမ်းချိန်ကို ကြိုတင်စီမံ ချမှတ်ထားသင့်သည်။
- **အရေးပေါ်ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်း**
  - မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းရပါက ရိတ်သိမ်းရန် အချိန်ရှိပါက အရေးပေါ် ရိတ်သိမ်းခြင်း ပြုလုပ်သင့်သည်။
  - ရိတ်သိမ်းပြီးသော သီးနှံများကို မိုးဒဏ်မှ ကင်းဝေးသော ခြောက်သွေ့သည့် နေရာတွင် သိမ်းဆည်းထားသင့်သည်။
- **လယ်ကွင်းအတွင်း ရေထုတ်မြောင်းစနစ်ကောင်းမွန်အောင်ပြုလုပ်ခြင်း**
  - လယ်ကွင်းအတွင်းရှိ ရေမြောင်းများကို ရေစီးဆင်းမှု ကောင်းမွန်အောင် ပုံမှန်သန့်ရှင်းရေး ပြုလုပ်သင့်သည်။
  - လယ်ကွင်းမှ ရေများ အမြန်ဆုံးထွက်ရှိစေရန် အဓိကရေမြောင်းကြီးများကို ကြိုတင်တူးဖော်ထားသင့်သည်။
- **သီးနှံအား ခိုင်မြဲစွာ ထောက်ကန်ပေးခြင်း**
  - လေပြင်းဒဏ်ခံနိုင်ရန် သီးနှံပင်များ လဲလျောင်းခြင်းမှ ကာကွယ်ရန် သင့်တော်သောနည်းလမ်းများ (ဥပမာ – စပါးခင်းများတွင် ကြိုးများဖြင့် ချည်နှောင်ပေးခြင်း) ဖြင့် ထောက်ကန်ပေးထားနိုင်ပါသည်။
- **အာမခံခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း**
  - သဘာဝဘေးအာမခံကို ဝယ်ယူထားခြင်းနှင့် ဝယ်ယူပြီးပါက ဆုံးရှုံးမှုများအတွက် လျော်ကြေးရရှိရန် ဆောင်ရွက်နည်းများ ကြိုတင်စုံစမ်းထားသင့်သည်။
  - ရိတ်သိမ်းပြီးသော သီးနှံများကို ချက်ချင်းရောင်းချခြင်း သို့မဟုတ် ခြောက်သွေ့စွာ သိုလှောင်ခြင်းပြုလုပ်နိုင်ရန် ဈေးကွက် ကြိုတင်ရှာဖွေထားသင့်သည်။

ရာသီတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းသည် သဘာဝ၏ လှပသော အစိတ်အပိုင်းတစ်ခုပင်ဖြစ်သော်လည်း မိုးလွန်ကာလသည် ၎င်း၏ နေ့စဉ်မိုးလေဝသဖြစ်စဉ်များ မတည်ငြိမ်တတ်သော သဘောသဘာဝကြောင့် ကျွန်ုပ်တို့အနေဖြင့် ပိုမိုသတိပြု၍ ပြင်ဆင်ထားရန် လိုအပ်သည်။

ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးလွန်ကာလမုန်တိုင်းများ၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများသည် ယခင်ကထက် ပိုမိုအကြိမ်ရေများလာပြီး ပြင်းထန်လာနိုင်ကြောင်း သုတေသနများက ညွှန်ပြထုတ်ဖော်ပြောဆိုနေကြပြီဖြစ်သည်။ ထို့ကြောင့် နေ့စဉ်မိုးလေဝသသတင်းများကို သေချာစွာနားထောင်ခြင်း၊ ဒေသခံအာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာခြင်းဖြင့် မိုးလွန်ကာလ၏ မိုး လေဝသဆိုင်ရာ စိန်ခေါ်မှုများကို ဘေးကင်းစွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ရင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီး မီးထွန်းပွဲတော်များကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၆**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ညပိုင်းတွင် ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ကာ မီးထွန်းပွဲတော်အစီအစဉ်များကျင်းပပြီး မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။

မန္တလေးပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့တွင် ဒေသ၏ ကောင်းမှုကုသိုလ် ပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများ ဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင်လည်း ကောင်းမှုကုသိုလ် ပြုခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများ အားထုတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော် လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာ ရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်း ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်း စသည့်ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများတောင်း၍ မေတ္တာပို့သကြသည်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းနေသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့ သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင် ဆီမီးထွန်းညှိပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးမြို့အတွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံဂါရဝပြုကန်တော့ခြင်းများဖြင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ပုံရိပ်ကို ပီပြင်စွာဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





## မိုင်းရယ်မြို့ မဟာဗောဓိရွှေစေတီ၊ ဆုတောင်းပြည့်ဘုရားကိုးဆူနှင့်ပြည်သာယာစေတီတော်တို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀ ပူဇော်

**မိုင်းရယ် အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဌာနဆိုင်ရာများဦးစီး၍ မိဘပြည်သူများက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀ ပူဇော်ခြင်းကို ယနေ့ ညနေ ၆ နာရီက မဟာဗောဓိရွှေစေတီနှင့် ဆုတောင်းပြည့်ဘုရားကိုးဆူ၌ စည်ကားစွာ ကျင်းပသည်။

ယင်းနောက် မိုင်းရယ်မြို့ ရပ်ကွက် - ၃ ရှိ ဆိုင်မိန်းဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်သည့် ပြည်သာယာစေတီတော်တွင် လည်း ဆီမီး ၁၀၀၀ ပူဇော်ကြသည်။

အဆိုပါ သီတင်းကျွတ်လပြည့်နေ့ညတွင် ဒေသခံတိုင်းရင်းသားများသည် ဘုန်းတော်ကြီးကျောင်းများ၌ အလှူဒါနများပြုလုပ်၍ သီလဆောက်တည်ခံယူခြင်း၊ သက်ကြီးရွယ်အိုများအား ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းများနှင့် မြို့လည် မဟာဗောဓိရွှေစေတီ၊ ဆုတောင်းပြည့်ဘုရားကိုးဆူစေတီတော်နှင့် ပြည်သာယာစေတီတော်တို့တွင် ရှမ်းရိုးရာတိုးနယားအကများ ကိန္နရီကိန္နရာအကများဖြင့် စည်ကားစွာ ပြုလုပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော် ကျင်းပ

**ထားဝယ် အောက်တိုဘာ ၆**

ထားဝယ်မြို့၌ နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ဖွင့်ပွဲကို ယမန်နေ့ ညနေ ၆ နာရီက ထားဝယ်မြို့ တလိုင်းမရပ်ကမ်းနားလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက သဗ္ဗညုဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မျှော်မှန်းဆ၍ ဆီမီးများ ထွန်းညှိပူဇော်သည်။



ထို့နောက် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က မီးပုံးပျံအကြီးဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ် လွှတ်တင်ပူဇော်ပြီး မြို့မိမြို့ဖများနှင့် ဒေသခံထားဝယ်မြို့သူမြို့သားများက မီးပုံးပျံအလုံးရေ ၅၀၀ ကို တညီတညွတ်တည်း လွှတ်တင်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရပ်ကွက်ကျေးရွာအလိုက် အလှဆင်ထားသည့် အလှသပိတ်အိုးကြီးများ ပူဇော်ခံထားရှိမှုနှင့် နိဗ္ဗာန်ဈေးအလှူတော်များကို လိုက်လံကြည့်ရှုအားပေးကာ ထားဝယ်မြို့သူ မြို့သားများ၏ သီဆိုကပြဖျော်ဖြေနေမှုနှင့် ဇာတ်သဘင်များဖြင့် ဧည့်ခံဖျော်ဖြေနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ယနေ့ နံနက် ၄ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ သပိတ်မျှောကာ ဆွမ်းဆက်ကပ် ကုသိုလ်ပြုကြပြီး ဒေသခံထားဝယ်မြို့သူ မြို့သားများက ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦးမှစ၍ ဝင်္ကပါလျှောက်လမ်းကို ပျော်ရွှင်စွာဖြတ်ကျော်ကြကာ သပိတ်မျှော၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် သဘော်ဆိပ်ရပ်ကွက်၊ ဒုတိယဆုရရှိသည့် အိုးလုပ်ရပ်ကွက်၊ တတိယဆုရရှိသည့် Sweet December သွေးလှူရှင် လူငယ်များအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ပြုလုပ်ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲသို့ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းနှင့် သပိတ်မျှောပွဲတွင် ထားဝယ်ရိုးရာယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲအက၊ ထားဝယ်ရိုးရာ အကအလှပဒေသာများ၊ ဇာတ်သဘင်များဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြသည်။

သပိတ်မျှောပွဲတော်သည် အရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူး၍ ထားဝယ်ရိုးရာ မြေသပိတ်ထဲတွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုး စသည့်လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများစိုက်ထူ၍ ဆီမီးများ ထွန်းညှိကာ သပိတ်မျှောကြခြင်းဖြစ်သည်။ သပိတ်မျှောပွဲတော်ကို ရာသီဥတုမိုးလေဝသကောင်းမွန်စေရန်၊ ဆန်ရေစပါး စီးပွားဥစ္စာပေါများတိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသောဘေးဘယာ ကံကြမ္မာအပေါင်းကင်းဝေးလွတ်မြောက်စေရန် ဆုတောင်းပတ္ထနာပြုသည့်ရည်ရွယ်ချက်ဖြင့် ထားဝယ်တိုင်းရင်းသားလူမျိုးများက ရှေးအစဉ်အဆက်မှ ယနေ့တိုင် ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း(YRESA) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး (2025 AGM)ကို အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ LOTTE HOTEL ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုက အသင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဒုတိယဥက္ကဋ္ဌများက ဆွေးနွေးပြောကြားပြီး အတွင်းရေးမှူးက အသင်းနှစ်ပတ်လည်အစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အသင်းဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး မြို့နယ်များကို စွမ်းဆောင်ရည်ဆုများ ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA)နှင့် မြန်မာ့ခရီးသွားဘဏ်(MTB)တို့အကြား နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**ကိုထက်**






# ဗိုလ်တထောင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်း ရပ်ကွက်များအလိုက် ဆက်လက်ကပ်ထားကြေညာ

**ဗိုလ်တထောင် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ရပ်ကွက်များအလိုက် ပထမအကြိမ်ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှစ၍ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားကြေညာထားသည်။

ထိုသို့ ကပ်ထားကြေညာရာတွင် ဗိုလ်တထောင်မြို့နယ်အတွင်း၌ ရပ်ကွက် ၁၂ ရပ်ကွက်ရှိပြီး ၎င်းရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကပ်ထားကြေညာထားသည်။

အဆိုပါမဲစာရင်းများ ကပ်ထားကြေညာထားခြင်းကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုပြီး ပြန်လည်ပြင်ဆင်လိုသည့် အချက်အလက်များကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်တွင် ပုံစံများတောင်းခံ၍ ဖြည့်သွင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထိုမဲစာရင်းများ ကပ်ထားကြေညာရာတွင် ရပ်ကွက်ရုံးများသို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတာဝန်ကျသည့်ရပ်ကွက်များသို့ လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုရန်အာဟာရပြည့်ဝသော အညှောက်ဖောက်အစာစိမ်း

**မွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ပရိုတင်းဓာတ်၏ အဓိကရင်းမြစ်အဖြစ် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲမှုဒဏ်၊ မြေဆီလွှာပျက်စီးမှုပြဿနာများ၊ ရေရှားပါးမှုနှင့် စားကျက်မြေနေရာအခက်အခဲတို့ကြောင့် ရိုးရာစိုက်ပျိုးရေးနည်းလမ်းများဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုသည့် စားကျက်ပဲမျိုးစုံနှင့် အစားစိမ်းများရရှိမှုမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။**

*ဒေါက်တာအေးအေးမြင့် (YAU)*

ထို့အပြင် ဈေးကွက်အတွင်း ပရိုတင်းဓာတ်ကြွယ်ဝသော တိရစ္ဆာန်အစာများ၏ ဈေးနှုန်းများ တည်ငြိမ်မှုမရှိခြင်းသည် မွေးမြူရေးသမားများ၏ ကုန်ကျစရိတ်ကို သိသိသာသာ မြင့်တက်စေပါသည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများရှိ နွား၊ ဆိတ်၊ သိုး၊ ကြက်နှင့် ဝက်တို့အတွက် အစာအရင်းအမြစ်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရန် အရေးကြီးပါသည်။ တိရစ္ဆာန်များကို ကျွေးမွေးရန်အတွက် အစာစိမ်းသည် မရှိမဖြစ်လိုအပ်သောကြောင့် ပုံမှန်စိုက်ပျိုးမှုအပေါ် အလွန်မှီတည်လျက်ရှိသည်။ သို့သော် မတည်မြဲသော ရာသီဥတု၊ မြေညစ်ညမ်းမှု၊ မလုံလောက်သောရေ၊ မြေထွက်စာနည်းမှုတို့ကြောင့် တစ်နှစ်ပတ်လုံး လိုအပ်သော တိရစ္ဆာန်အစာရရှိမှုမှာ အခက်အခဲများ ဖြစ်ပေါ်လာပါသည်။ ထို့အပြင် အရည်အသွေးပြည့်ဝသော အစားအစာများ ချို့တဲ့ခြင်းကြောင့် တိရစ္ဆာန်များ၏ ကြီးထွားမှု ၊ မျိုးပွားမှုနှင့် ထုတ်လုပ်မှုတို့ကို ကျဆင်းစေပါသည်။

၁၈ဝဝ ပြည့်နှစ်မှစ၍ မြေမဲ့တိရစ္ဆာန်အစာကို ဥရောပနို့စားနွား မွေးမြူသူများက ဆောင်းရာသီတွင် နို့ထုတ်လုပ်မှုနှင့် မျိုးပွားစွမ်းအင်ကို မြှင့်တင်ရန်အတွက် အညှောက်ပေါက်စပါးများကို အသုံးပြုခဲ့ခြင်းမှ စတင်ခဲ့ပါသည်။ ယခုအခါ လူဦးရေတိုးတက်မှုနှင့်အတူ ကောက်ပဲသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးရန် မြေယာလိုအပ်ချက်များလာခြင်းကြောင့် အာရှ၊ အာဖရိက၊ အနောက်အလယ်ပိုင်းဒေသများတွင် ရေနှင့် မြေသြဇာမလိုသော စားကျက်များကို ဒေသအခြေခံ အဆောက်အအုံများဖြင့် တီထွင်အသုံးပြုလာပါသည်။ ထိုသို့ တီထွင်မှုသည် စားကျက်ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာပြီး မွေးမြူရေးလုပ်ငန်း တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေပါသည်။ ဩစတြေးလျသည် ရာသီဥတုအလွန်ပူပြင်းပြီး မိုးနည်းပါးသောကြောင့် မြေမဲ့စိုက်ပျိုးရေးသည် မွေးမြူရေးခြံများအတွက် အလွန်အရေးပါသော နည်းပညာတစ်ခုဖြစ်သည်။ အထူးသဖြင့် ဆိတ်၊ နွားနှင့် သိုးများကို ကျွေးမွေးရန်အတွက် ပြောင်းနှင့် မုယောစပါးအပင်ပေါက်များကို ထုတ်လုပ်ကြသည်။ လူဦးရေများပြားသော အိန္ဒိယနှင့် တရုတ်နိုင်ငံများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိလုပ်ဆောင်နိုင်ရန်အတွက် မြေမဲ့စိုက်ပျိုးရေးနည်းပညာကို တိုးချဲ့အသုံးပြုနေကြသည်။ အထူးသဖြင့် ကျေးလက်ဒေသများရှိ အသေးစားမွေးမြူရေး လုပ်ငန်းရှင်များအတွက် ကုန်ကျစရိတ် သက်သာပြီး အကျိုးအမြတ်များစေသော နည်းလမ်းပင် ဖြစ်ပါသည်။



❖ **အညှောက်ဖောက်ထားသော အစာစိမ်းများသည် လတ်ဆတ်ပြီး အရည်အသွေးမြင့်မားသဖြင့် တိရစ္ဆာန်များ၏ အစာချေစနစ်ကို ကောင်းမွန်စေကာ နို့ထွက်နှုန်းနှင့် အသားအရည်အသွေး တိုးတက်လာစေပါသည်။ အညှောက်များသည် အင်ဇိုင်းဓာတ် ကြွယ်ဝသောအစာများဖြစ်သောကြောင့် အစာကြေလွယ်ပြီး စားချင်စဖွယ်ကောင်းကာ တိရစ္ဆာန်များက ကြိုက်နှစ်သက်ကြသည်။ ထို့အပြင် အပင်၏ အရွက်များနှင့် အမြစ်များအားလုံးကို စားသုံးနိုင်သောကြောင့် အာဟာရဓာတ်ဆုံးရှုံးမှုလည်း မရှိသည့်အပြင် အစာကျန်ခြင်းကို များစွာ လျှော့ချပေးနိုင်**

### အညှောက်ဖောက်ခြင်း

အညှောက်ဖောက်ခြင်း (Sprouting) တစ်နည်းအားဖြင့် မြေမဲ့(Soilless) စိုက်ပျိုးခြင်းဆိုသည်မှာ မျိုးစေ့များမှ အပင်ငယ်လေးများ ပေါက်ထွက်လာစေရန် ပြုလုပ်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး တိရစ္ဆာန်အစာ ထုတ်လုပ်ရာတွင် အလွန်ထိရောက်ပြီး ကုန်ကျစရိတ်သက်သာသည့်အပြင် စိုက်ပျိုးနိုင်သော မြေရှားပါးသည့်ဒေသများ၊ စားကျက်မြေများ အကန့်အသတ်ရှိသော (သို့မဟုတ်) လုံးဝမရှိသော ဒေသများအတွက် အလားအလာရှိသည့် ဖြေရှင်းချက်တစ်ခု ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် မြေကြီး၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ လုံးဝမလိုအပ်ဘဲ ရေနှင့်အပူချိန်ကို ထိန်းညှိပေးရုံဖြင့် အလွယ်တကူ လုပ်ဆောင်နိုင်သည်။ ထို့ကြောင့် ရေရှားပါးသော ဒေသများနှင့် နေရာအကျယ်အဝန်း အကန့်အသတ်ရှိသော မွေးမြူရေးခြံများအတွက် အလွန်သင့်လျော်ပါသည်။

### အကောင်းဆုံး တိရစ္ဆာန်အစာ

အညှောက်ဖောက်ခြင်းမှ ရရှိသည့် အစာစိမ်းများကို အာဟာရပြည့်ဝသော တိရစ္ဆာန်အစာစိမ်း (Nutrient-rich Green Fodder) ဟု ခေါ်ပြီး နွား၊ ဆိတ်၊ သိုး၊ ကြက်နှင့် ဝက်ကဲ့သို့သော တိရစ္ဆာန်များကို ကျွေးမွေးနိုင်သည်။ အညှောက်ဖောက်ခြင်းသည် မျိုးစေ့များ၏ အာဟာရတန်ဖိုးကို ပိုမိုမြင့်မားစေပြီး အစေ့အတွင်းရှိ ကစီဓာတ်နှင့် ပရိုတင်းဓာတ်များကို တိရစ္ဆာန်များက အလွယ်တကူ ချေဖျက်နိုင်သော ပုံစံများအဖြစ်သို့ ပြောင်းလဲပေးသည်။

ထို့ပြင် ဗီတာမင်နှင့် အင်ဇိုင်းဓာတ်များလည်း ပိုမိုများပြားလာပြီး တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်ကို အထောက်အကူပြုနိုင်သည်။ အညှောက်ဖောက်ထားသော အစာစိမ်းများသည် လတ်ဆတ်ပြီး အရည်အသွေးမြင့်မားသဖြင့် တိရစ္ဆာန်များ၏ အစာချေစနစ်ကို ကောင်းမွန်စေကာ နို့ထွက်နှုန်းနှင့် အသားအရည်အသွေး တိုးတက်လာစေပါသည်။ အညှောက်များသည် အင်ဇိုင်းဓာတ်ကြွယ်ဝသော အစာများဖြစ်သောကြောင့် အစာကြေလွယ်ပြီး စားချင်စဖွယ်ကောင်းကာ တိရစ္ဆာန်များက ကြိုက်နှစ်သက်ကြသည်။ ထို့အပြင် အပင်၏ အရွက်များနှင့် အမြစ်များအားလုံးကို စားသုံးနိုင်သောကြောင့် အာဟာရဓာတ်ဆုံးရှုံးမှုလည်း မရှိသည့်အပြင် အစာကျန်ခြင်းကို များစွာလျှော့ချပေးနိုင်ပါသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း၏အဆိုအရ **၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ဘီလီယံကိုးထောင်အထိ ရောက်ရှိလာမည်ဖြစ်ပြီး လူဦးရေ၏ သုံးပုံနှစ်ပုံမှာ မြို့ပြများတွင် အခြေချနေထိုင်ကြမည်ဟု ခန့်မှန်းထားရာ အဓိကစိန်ခေါ်မှုတစ်ခုမှာ အစားအစာလိုအပ်ချက်နှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်သည်။** အချိန်ကြာလာသည်နှင့်အမျှ လူသားတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးနေရသည်။ ထို့ကြောင့် မြေမဲ့စိုက်ပျိုးခြင်း (သို့မဟုတ်) အညှောက်ဖောက် စိုက်ပျိုးခြင်းကဲ့သို့သော အခြားရွေးချယ်စရာ စိုက်ပျိုးရေးစနစ်များသည် ဤပြဿနာကို ဖြေရှင်းရန် အထောက်အကူပြုနိုင်ပါသည်။ အညှောက်ဖောက်စိုက်ပျိုးရေးစနစ်ကို အသုံးပြု၍ အစာစိမ်းထုတ်လုပ်ခြင်းသည် ရေချွေတာရာတွင် အလွန်ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဤစနစ်သည် မြေပြင်အခြေအနေတွင် အသုံးပြုသည့် ရေပမာဏ၏ ၂-၃ ရာခိုင်နှုန်းခန့်သာ လိုအပ်သည်။ အစာစိမ်းတစ်ကီလိုဂရမ် ထုတ်လုပ်ရန်အတွက် မြေပြင်တွင် ရေ ၅၅-၇၅ လီတာ လိုအပ်သော်လည်း အညှောက်ဖောက် စိုက်ပျိုးရေးအတွက် ရေ ၂-၃ လီတာသာ လိုအပ်နိုင်ပါသည်။ ထို့ပြင် ရေကို မကြာခဏ ပြန်လည်အသုံးပြုနိုင်သည်။ ဤအချက်သည် ရေရှည်ရေပြတ်လပ်မှုနှင့် ရေသွင်းစိုက်ပျိုးရေး အခြေခံအဆောက်အအုံမရှိသည့် ဒေသများအတွက် အထူးအရေးကြီးပါသည်။ မြေအသုံးချမှုအရ အားသာချက်တစ်ခုမှာ အညှောက်ဖောက်စိုက်ပျိုးထုတ်လုပ်မှုအတွက် တစ်ရက်လျှင် အစာစိမ်း ၆ဝဝ-၆၅ဝ ကီလိုဂရမ် ထွက်ရှိရန်အတွက် ၁ဝ x ၅ မီတာသာ လိုအပ်သော်လည်း ရိုးရာစိုက်ပျိုးရေးစနစ်တွင် တူညီသောပမာဏ ထုတ်လုပ်ရန်အတွက် မြေဧကတစ်ဟက်တာ လိုအပ်မည်ဖြစ်သည်။ မြေမဲ့စိုက်ပျိုးရေးနည်းပညာသည် မျိုးစေ့မှ အစာစိမ်းဖြစ်လာစေရန် အလွန်တိုတောင်းပြီး ၇ ရက်အတွင်း အညှောက်များကို ရိတ်သိမ်းနိုင်ကာ ၈ ရက်မြောက်နေ့တွင် တိရစ္ဆာန်များကို စတင်ကျွေးမွေးနိုင်ပါသည်။ ရိုးရာစိုက်ပျိုးရေးနည်းဖြင့် အစာစိမ်းစိုက်ပျိုးရာတွင် ၄၅ ရက်အထိ ကြာမြင့်နိုင်ပါသည်။

### အညှောက်ဖောက် တိရစ္ဆာန်အစာစိမ်း ထုတ်လုပ်နိုင်သည့် သီးနှံများ

နှံစားပြောင်း၊ ပြောင်း၊ လူး၊ ဆပ်၊ ပဲယဉ်း၊ ပဲပိစပ်၊ မုယောစပါး၊ စပါး စသည့်သီးနှံများကို

*စာမျက်နှာ ၁၁ သို့*





# မဲစာရင်းတွင်အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ❖ မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုမဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- ❖ မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည်ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ (၄-က) ဖြင့် လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြားမဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ❖ မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

## ကချင်ပြည်နယ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြစ်ကြီးနားဇုန်အဆင့် တက္ကသိုလ်များ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၆**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မြစ်ကြီးနားဇုန်အဆင့် တက္ကသိုလ်များ(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနား တက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်ကြမည့် မြစ်ကြီးနားတက္ကသိုလ် လက်ရွေးစင်အသင်းနှင့် မိုးညှင်းတက္ကသိုလ် လက်ရွေးစင်အသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲအတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ် ၁၅ သိန်းကို မြစ်ကြီးနား တက္ကသိုလ်ပါမောက္ခချုပ်ထံ ပေးအပ်သည်။



ယင်းနောက် ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ မြစ်ကြီးနားတက္ကသိုလ် အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဒိုင်အဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ နေရာအလိုက်နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ဒုတိယဆုရအသင်းနှင့် ပထမဆုရအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဇုန်အလိုက် ဘောလုံးပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်နိုင်ရေး ဒိုင်အဖွဲ့နှင့် ကြီးကြပ်ရေးအဖွဲ့က ရွေးချယ်ခဲ့သည့် မြစ်ကြီးနားဇုန် လက်ရွေးစင်ဘောလုံးအသင်း အားကစားသမား အမည်စာရင်းအား ကြေညာသည်။

ထို့အတူ ညပိုင်းတွင် မြစ်ကြီးနားမြို့ Northern Star ဂေါက်ကွင်း၌ ကျင်းပသည့် သီတင်းကျွတ်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုအမျိုးအစားအလိုက် တစ်ဦးချင်းနှင့် အသင်းလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဦးဆောင်၍ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်တို့ ဦးဆောင်၍ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေမှု၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးစသည့်ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံ၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ BRICS အဖွဲ့တို့နှင့် ပတ်သက်သည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် ယင်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

### နေ့လယ်စာစားပွဲသို့ တက်ရောက်

ဆွေးနွေးပွဲအပြီး ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (၁) မစ္စတာ ဆာဂေး လူကာရှယ်ဗစ်ချ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

အစာစိမ်းအဖြစ် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ မွေးမြူသူအများစုသည် အညှာက်ဖောက်တိရစ္ဆာန် အစာအတွက် ပြောင်းစေ့များကို အသုံးပြုကြသည်။ ပူပြင်းသော ရာသီဥတုတွင် ပြောင်းစေ့များသည် တိရစ္ဆာန်အစာစိမ်းအတွက် သင့်လျော်သည်။

### တိရစ္ဆာန်အစာပင် စင်ပြုလုပ်ခြင်း

တိရစ္ဆာန်အစာပင်စင် ပြုလုပ်ရန်အတွက် ဝါးလုံး၊ သံချောင်း၊ ပလတ်စတစ်ပိုက်နှင့် နေရာအနည်းငယ် (၁၀ပေ x ၁၀ပေ) ခန့် လိုအပ်ပြီး ခေါင်မိုးနှင့် ဘေးနံရံများကြားတွင် လေဝင်လေထွက်ကောင်းစေရန် အပူချိန် (၁၅-၃၂°C) နှင့် စိုထိုင်းဆ(၆၀-၈၅%) ကို အလွယ်တကူထိန်းသိမ်းနိုင်ရန် အတွက် ပိုက်စိမ်းကို ရွေးချယ်ခြင်းသည် ပိုမိုကောင်းမွန်သည်။ တိရစ္ဆာန် အစာပင် စိုက်ပျိုးရန် အတွက် (၂ပေ x ၁ပေ) ခန့်ရှိသော ဗန်းများ လိုအပ်ပါသည်။ အဆိုပါ ဗန်းများသည် အစာ၏အလေးချိန်ကို ထိန်းထားရန် လုံလောက်သော ခိုင်ခံ့မှုရှိရမည်ဖြစ်သည်။ အစေ့များကို စိုစွတ်အောင်ထားရမည်ဖြစ်ပြီး သံချေးမတက်လွယ်သော ပလတ်စတစ်ဗန်းများကိုသာ အသုံးပြုသင့်ပါသည်။ အလွှာသုံးလွှာမှ လေးလွှာအထိ ပြုလုပ်နိုင်သော်လည်း ရေဖျန်းရန်နှင့် ဗန်းများကို ဖယ်ရှားရန် ခက်ခဲသောကြောင့် စင်ကို မြင့်မားစွာ မထားသင့်ပါ။ ဗန်းများမှ ပိုနေသောရေများကို လွယ်ကူလျင်မြန်စွာ စီးဆင်းစေရန် အလွှာတစ်ခုစီအတွက် လျှောစောက်တစ်ခုကို ပြုလုပ်ပေးခြင်းဖြင့် ဗန်းများမှ ရေများကို လွယ်ကူလျင်မြန်စွာ စီးဆင်းစေရန် ဆောင်ရွက်ထားရပါမည်။

### အညှောက်ဖောက်အစာစိမ်း၏ အကျိုးကျေးဇူးများ

အညှောက်ဖောက်အစာသည် မွေးမြူရေးတိရစ္ဆာန်များအတွက် အစာချေဖျက်မှုကို ပိုမိုကောင်းမွန်စေပြီး ကိုယ်ခန္ဓာမှ အာဟာရစုပ်ယူမှု မြင့်တက်လာစေသည်။ မွေးမြူသူများအတွက် နေရာအကျယ်အဝန်းများစွာ မလိုအပ်ခြင်း၊ ရေသုံးစွဲမှု သက်သာခြင်းတို့အပြင် မိုးခေါင်ခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းများကို စိုးရိမ်စရာမလိုသဖြင့် တစ်နှစ်ပတ်လုံး ပုံမှန်ထုတ်လုပ်နိုင်သည်။ လတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစာစိမ်းကို စားရသည့်အတွက် တိရစ္ဆာန်များ၏ ကိုယ်ခံစွမ်းအား၊ အရေပြားနှင့် အမွေးအမင်များ ပိုမိုကောင်းမွန်လာသည့်အပြင် နို့စားနွား၊ ဆိတ်တို့မှာ နို့ထွက်နှုန်း တိုးလာစေပြီး၊ မျိုးပွားနှုန်းကိုလည်း ကောင်းမွန်စေကြောင်း သိရသည်။

### သတိပြုရမည့် အချက်များ

အညှောက်ဖောက်အစာစိမ်းမှာ ရေဓာတ်မြင့်မားခြင်းကြောင့် ခြောက်သွေ့သည့် ကောက်ရိုး (သို့မဟုတ်) မြက်ခြောက်များနှင့် တွဲဖက်ကျွေးရန် လိုအပ်သည်။ အညှောက်ဖောက်စဉ် လေဝင်လေထွက် မကောင်းခြင်း၊ အစိုဓာတ်လွန်ကဲခြင်းတို့ ရှိပါက မှိုတက်နိုင်သည့်အတွက် သန့်ရှင်းမှုကို အထူးဂရုစိုက်ရန် လိုအပ်သည်။ အညှောက်ဖောက်အစာသည် ရိုးရာအစာကျွေးနည်းကို တစ်စိတ်တစ်ပိုင်း အစားထိုးနိုင်သော ကောင်းမွန်သည့် ရွေးချယ်မှုတစ်ခုဖြစ်သည်။ ဒေသတွင်း အရင်းအမြစ်များကို လွယ်ကူရိုးရှင်းစွာ အသုံးချနိုင်မည်ဖြစ်၍ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ကာ အသားကဏ္ဍ ထုတ်ကုန်များ တိုးမြှင့်လာစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် တောင်ကြီးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးပြည်သူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

**တောင်ကြီး အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတို့အတွက် နေ့ထူးနေ့မြတ်ကြီးတစ်နေ့ဖြစ်သည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့၊ ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တို့ကဲ့သို့ပင် သီတင်းကျွတ်လပြည့်နေ့သည်လည်း မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ဖြစ်သဖြင့် ထူးမြတ်သောနေ့အဖြစ် အသိအမှတ်ပြုကြသည်။ မြတ်စွာဘုရားရှင် ကြွမြန်းလာသည်ကိုရည်စူး၍ ဘုရားရှင်အားပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများထွန်းကာမြင်းမိုရ်ပွဲ ဆင်ယင်ကျင်းပခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ ကုသလာဓမ္မာ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာအစရှိသည်ဖြင့် အဘိဓမ္မာခုနစ်ကျမ်းကိုဟောတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာ၌ပဝါရဏာပြု၍ လူ့ပြည်သို့ သက်ဆင်းတော်မူသည်ကိုအကြောင်းပြုလျက် ထိုနေ့ကို အဘိဓမ္မာနေ့ဟူ၍ခေါ်ဆိုသမုတ်ကာ အဘိဓမ္မာပူဇော်ပွဲကျင်းပလေသည်။

အချုပ်အားဖြင့်ဆိုသော် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းတော်များဝါမှ ထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားသခင်သည် တာဝတိံသာ၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်မှာ အောင်မြင်စွာ ပြီးဆုံးသောနေ့ (ဝါ)အဘိဓမ္မာအခါတော်နေ့၊ နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဗြဟ္မာ နတ်လူ သုံးဘုံသူတို့ မြတ်စွာဘုရားအား အတူတကွ ကြည်ဖြူပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့၊ စသောဂုဏ်ထူး ဝိသေသအထူးထူးနှင့် ပြည့်စုံသောနေ့ဖြစ်သည်။



ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ တောင်ကြီးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်ကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ခုနစ်ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပခြင်း၊ ဥပုသ်သီတင်းဆောက်တည်သူများ၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကုသိုလ်ယူသူများ၊ သီတင်းကျွတ်ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်ပူဇော်ကြသူများနှင့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ကုသိုလ်ယူသူများ၊ သီတင်းကျွတ်ပန်း ဆက်ကပ်ပူဇော်ကြသူများနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်း၍ သီလဆောက်တည်ကုသိုလ်ယူသူများနှင့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ဘုရား၊ စေတီနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများက ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ဘုန်းကြီးကျောင်းတက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးပြည်သူများ၊ ဘုန်းကြီးကျောင်းတက် ဥပုသ်သီလဆောက်တည်သူများ၊ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညပိုင်းတွင် ဆီမီးများ၊ လျှပ်စစ်ရောင်စုံမီးများဖြင့် မီးထွန်းပူဇော်ရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ လပြည့်ကျော် ၁ ရက်နေ့အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့်ဆီမီးပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး စင်တင်တေးဂီတ၊ အိုးစည်ဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်၍ မီးပုံးပျံများကို ညပိုင်းတွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ဂေါပကအဖွဲ့ထံမှ သိရသည်။



**ဝေယံ**
**(ပြန်/ဆက်)**



## မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ လပြည့်နေ့ည ဆီမီး ၅၀၀၀ ပူဇော်

**ကျောင်းကုန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ကျက်သရေဆောင် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ည ဆီမီး ၅၀၀၀ ပူဇော်ပွဲတွင် ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ည၌ ဆီမီး ၅၀၀၀ ပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းတို့ဖြင့် ဘုရားဖူးပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ် မဟာအတုလမြတ်မုနိရပ်တော်မူဘုရားကြီး၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိ

**ကျိုက်လတ် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် (၂)ဖြတ်လမ်းတွင် တည်ထားကိုးကွယ်တော်မူသော မဟာအတုလမြတ်မုနိရပ်တော်မူဘုရားကြီးတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ညပိုင်း၌ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် စည်ကားလျက်ရှိ၍ ညပိုင်းအချိန်တွင် ဆီမီးများဆက်ကပ်ပူဇော်ခြင်း၊ ဘုရားလမ်းတစ်လျှောက်တွင် ဈေးဆိုင် များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် ကျင်းပလျက်ရှိရာ လာရောက်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**လှိုင်မင်းအောင်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မိတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သီတင်းကျွတ်လပြည့်နေ့တွင် ဥပုသ်သီလစောင့်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဖိုလ်တထောင်မြို့နယ်ရှိ ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် လုပ်သားဓမ္မာရုံအတွင်းအပြင်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဥပုသ်သီလစောင့်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဖိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုပ်သားဓမ္မာရုံ၌ နံနက်ခင်းသီလပေးတရားတော်အား ဆရာတော် ဒေါက်တာဘဒ္ဒန္တ အင်္ဂီသ (သြဝါဒါစရိယ)အဘိဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ ပါဠိကာရီကျောင်းတိုက် ဆရာတော်က ချီးမြှင့်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဇမဟာရဋ္ဌဂုရု မဟာဝိသုဒ္ဓါရုံ(ရွှေကျင်တိုက်သစ်) နှင့် ညနေပိုင်းတွင် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ ဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်တို့က တရားချီးမြှင့်ခဲ့ကြသည်။

အဆိုပါ သီလပေးတရားချီးမြှင့်ပေးသည့် ဆရာတော်အား နေ့ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ မွန်းလွဲတရားချီးမြှင့်ပေးသည့် ဆရာတော်နှင့် ညနေတရားချီးမြှင့်ပေးမည့် ဆရာတော်များကိုလည်း ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဖိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ကလည်းကောင်း၊ အလှူရှင်များကလည်းကောင်း အသီးသီးလှူဒါန်းခြင်း၊ ဥပုသ်စောင့်လာရောက်ကြသော ဥပုသ်သီလဆောက်တည်ကြသည့် ပုဂ္ဂိုလ်များမှလည်း ဆရာတော်များအား နဝကမ္မအလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။

ဥပုသ်သီလ တရားနာကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလည်း အလှူရှင်များက ကြာဆံကြော်၊ ထမင်းဘူး၊ အချိုရည်နှင့် ရေသန့်များ၊ ကော်ဖီများဖြင့် ကုသိုလ်ပြုကြပြီး ဖိုလ်တထောင်ကျိုက်ဒေးအပ်



ဆံတော်ဦးစေတီတော်၌ ဥပုသ်သီလစောင့်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်ဝင်း(မြန်/ဆက်)**

# ပင်းတယမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးဧည့်သည်များဖြင့် စည်ကား



**ပင်းတယ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်သဘာဝ လိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၃၈၈၀ တည်ရှိပြီး အေးချမ်းသာယာ၍ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အထွတ်အမြတ်ထားရာ ရှေးဟောင်းစေတီပုထိုးပေါ်များသော တောင်ပေါ်မြို့လေးဖြစ်ပြီး ယနေ့ သီတင်းကျွတ်လပြည့်နေ့၌ လိုဏ်ဂူတော်အတွင်း စေတီတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ် အဆူပေါင်း ၈၀၉၄ ဆူရှိသည့် ရှေးဟောင်းသမိုင်းဝင်သဘာဝရွှေဥမင် လိုဏ်ဂူတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် နံနက်အရုဏ်ဆွမ်းကပ်ခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြခြင်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်သူများဖြင့် ရပ်နီး၊ ရပ်ဝေး ဘုရားဖူးဧည့်သည်များ အထူးစည်ကားလျက်ရှိကြောင်းနှင့် ဘုရားဖူးဧည့်သည်များအနေဖြင့် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း လာရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ထို့အတူ ပင်းတယမြို့ရှိ သဘာဝပုန်းတလုတ်ရေကန်သာ၊ ညောင်ညိုပင်ကြီးများနှင့် အထင်ကရနေရာများတွင်လည်း ခရီးသွားဧည့်သည်များက အမှတ်တရ အလှဓာတ်ပုံရိုက်ကူးကြပြီး စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**အောင်ကိုဦး**
**(မြန်/ဆက်)**

# သီတင်းကျွတ်လပြည့်နေ့တွင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

**ပုသိမ် အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ယနေ့ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဥပုသ်သီလဆောက်တည်သူများ၊ ဝတ်ရွတ်အဖွဲ့များ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရွှေမုဋ္ဌောမဟာစေတီတော်ကြီးအပါအဝင် ပုသိမ်မြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီလဆောက်တည်သူများ ကုသိုလ်ဒါနပြုသူများဖြင့် စည်ကားများပြားခဲ့သကဲ့သို့ MSME ပြပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများကို လာရောက်လေ့လာဝယ်ယူသူများ၊ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ရွှေမုဋ္ဌောမဟာစေတီတော်ကြီးအပါအဝင် ပုသိမ်မြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဥပုသ်သီလ ဆောက်တည်သူများ၊ ကုသိုလ်ဒါနပြုသူများဖြင့် စည်ကားများပြားခဲ့သကဲ့သို့ MSME ပြပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများအား လာရောက်လေ့လာဝယ်ယူသူများ၊ နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေမှုများတွင်လည်း လာရောက်ကြည့်ရှုသူများဖြင့် စည်ကားပြီး ပုသိမ်တံတား၊ ရေပေါ်ဈေး၊ ကမ်းနားလမ်းရှုခင်းသာရင်ပြင်၊ ကန်သုံးဆင့်အပန်းဖြေဥယျာဉ် အစရှိသည့်နေရာများတွင်လည်း အနားယူအပန်းဖြေသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(မြန်/ဆက်)**





# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့တွင် အမရပူရမြို့ရှိ ဦးပိန်တံတား၌ လာရောက်လည်ပတ်သူများနှင့် စည်ကားလျက်ရှိ

**အမရပူရ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဆင်စွယ်ပွတ်ရပ်ကွက်ရှိ သမိုင်းဝင် ဦးပိန်တံတား၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော မိဘပြည်သူများနှင့် စည်စည်ကားကားရှိသည်။

အဆိုပါ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော ဧည့်သည်တော်များ ဘေးကင်းလုံခြုံစေရေးအတွက် ဆင်စွယ်ပွတ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ ဦးစီးသော အုပ်ချုပ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# ဆေးပညာ နိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦးပူးတွဲဆွတ်ခူး




စတော့ဟုမ်း အောက်တိုဘာ ၆

**မယ်ရီ အီး ဘရန်ကော၊ ဖရက်ဒ်ရမ့်စ်ဒဲလ်နှင့် ရှီမွန်ဆာကာဂူချီတို့ကို ကိုယ်ခံအားစနစ် ချို့တဲ့ဖောက်ပြန်ခြင်းကို ကာကွယ်နိုင်သည့် စနစ်ရှာဖွေတွေ့ရှိခဲ့မှုအတွက် ၂၀၂၅ ဇီဝကမ္မ သို့မဟုတ် ဆေးပညာနိုဘယ်ဆု ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။**

၎င်းတို့၏ ရှာဖွေတွေ့ရှိမှုသည် ကိုယ်ခံအားစနစ် မည်သို့မည်ပုံ အလုပ်လုပ်သနည်း ဆိုသည့် အချက်နှင့် မိမိတို့ မည်သည့် အတွက်ကြောင့် ပြင်းထန်သည့် ကိုယ်ခံအားစနစ်ဖောက်ပြန်သည့် ရောဂါ မဖြစ်ရသနည်းဆိုသည့် အချက်အပေါ် မိမိတို့၏ နားလည် နိုင်စွမ်းကို ရှင်းလင်းပြတ်သားစွာ အဆုံးအဖြတ် ပေးနိုင်ခဲ့သည်ဟု နိုဘယ်ကော်မတီဥက္ကဋ္ဌ အော်လီ ကမ်ပီက ပြောကြားခဲ့သည်။

သုံးဦးဆိုင်အဖွဲ့၏ လုပ်ဆောင်မှုသည် ကျယ်ပြန့်သော လက်တွေ့ သက်ရောက်မှုများ ရှိခဲ့ကြောင်း ဆွီဒင်နိုင်ငံ ကာရိုလင်စကာ အင်စတီကျူတွင် ပြုလုပ်သည့် နိုဘယ်ညီလာခံက ပြောကြားခဲ့သည်။ ၎င်းတို့သုံးဦး၏ ရှာဖွေတွေ့ရှိမှုသည် ကိုယ်ခံအားစနစ် ဖောက်ပြန်သည့် ရောဂါနှင့် ကင်ဆာရောဂါများအတွက် ကုသမှု အသစ်များ ဖန်တီးရာတွင် လမ်းခင်းပေးခဲ့ခြင်း ဖြစ်ကြောင်းနှင့် အစားထိုးကုသခြင်းများကို အောင်မြင် တိုးတက်အောင် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်ဟု သိရသည်။

၁၉၆၁ ခုနှစ်ဖွား ဘရန်ကောသည် အမေရိကန်ပြည်ထောင်စု ဇီဝဗေဒစနစ် အင်စတီကျူ၏ အကြီးတန်းပရိုဂရမ် မန်နေဂျာ ဖြစ်သည်။ ရမ့်စ်ဒဲလ်ကို ၁၉၆၀ ပြည့်နှစ်တွင် မွေးဖွားပြီး အမေရိကန်ပြည်ထောင်စု ဆိုနိုမာ ဇီဝကုထုံးတွင် သိပ္ပံနည်းကျ အကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဆာကာဂူချီကို ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည်ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ် ရောဂါ မကူးစက်ရေးဆိုင်ရာ သုတေသန ဌာန၏ ပါမောက္ခတစ်ဦးဖြစ်သည်။

နိုဘယ်ဆုရှင် သုံးဦးသည် ဆုကြေးငွေအဖြစ် ချီးမြှင့်ခံရသည့် ဆွီဒင်ကရိုနာ ၁၁ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ သန်း) ကို အချိုးကျခွဲဝေယူကြရမည်ဖြစ်သည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ပထမကိုးလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၃၇၂ ဦးရှိ

**ဗီယင်ကျန်း အောက်တိုဘာ ၆**

လာအိုနိုင်ငံ၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၃၇၂ ဦးရှိပြီး သေဆုံးသူ တစ်ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အောက်တိုဘာ ၆ ရက်ထုတ်ပြန်ချက်အရ လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၄၇၃၈ ဦးဖြင့် ရောဂါဖြစ်ပွားသူ အများဆုံးဖြစ်ပြီး အော်ဒွန်ဆေးပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၁၀၃၄ ဦးရှိပြီး ဗီယင်ကျန်းပြည်နယ်တွင် ရောဂါဖြစ်ပွားသူ ၆၉၃ ဦးရှိကြောင်း သိရသည်။ မြို့တော် ဗီယင်ကျန်း၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ တစ်ဦးရှိကြောင်း သိရသည်။

အရေးကြီးသော ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် သွေးလွန်တုပ်ကွေးရောဂါ ကိုင်တွယ်ဖြေရှင်းမှုများ တိုးမြှင့်ရန် လာအိုအစိုးရက နိုင်ငံတစ်ဝန်း ကျန်းမာရေးအာဏာပိုင်များနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို တိုက်တွန်းထားသည်။

**ဆင်ဟွာ**



# တူကီယဲနိုင်ငံ၌ လွန်ခဲ့သည့် ၁၀ ရက်အတွင်း ဆိုက်ဘာရာဇဝတ်မှုများကြောင့် လူပေါင်း ၅၆၇ ဦး ဖမ်းဆီး

**အန်ကာရာ အောက်တိုဘာ ၆**

တူကီယဲလုံခြုံရေးတပ်ဖွဲ့များသည် လွန်ခဲ့သည့် ၁၀ ရက်အတွင်း ကလေးများကို အခွင့်အရေးယူခြင်း၊ တရားမဝင် လောင်းကစားခြင်းနှင့် လိမ်လည်ခြင်းတို့ကို အွန်လိုင်းတွင် ပစ်မှတ်ထားသည့် နိုင်ငံတစ်ဝန်း စစ်ဆင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ လူပေါင်း ၅၆၇ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီခါယာက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

၎င်းတို့အနက် သံသယရှိသူ ၂၀၉ ဦးကို တရားဝင်ဖမ်းဆီးခဲ့ပြီး တရားရုံးက အခြား ၁၁၂ ဦးကို တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ အခြားသူများကို ဥပဒေအရ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း ယာလီခါယာက လူမှုကွန်ရက် မီဒီယာပလက်ဖောင်း အိတ်စ်တွင် ပြောကြားသည်။




သံသယရှိသူများမှာ တရားမဝင် လောင်းကစားလုပ်ခြင်း၊ လောင်းကစား လုပ်ငန်းများနှင့် မိုဘိုင်းဘဏ် အကောင့်များကို တရားမဝင် ဝင်ရောက်ခြင်း စသည်တို့အပြင် အခြားပြစ်မှုများဖြင့်လည်း စွဲချက်တင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား ဘော်ဒါကျောင်း ပြိုကျ၍ သေဆုံးသူ ၆၀ အထိရှိလာ

**ဂျကာတာ အောက်တိုဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆီဒေါဂျိုဒေသတွင် နေ့တက်ဘော်ဒါကျောင်းတစ်ကျောင်း ပြိုကျမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ယခုအခါ ၆၀ အထိ မြင့်တက်လာပြီဖြစ်သည်။ ကယ်ဆယ်ရှာဖွေရေးအဖွဲ့သည် အောက်တိုဘာ ၆ ရက်တွင် နောက်ထပ်သေဆုံးသူ ၁၁ ဦးကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သေဆုံးသူများကို အပျက်အစီးပုံများကြားတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဘီအင်န်ပီဘီ၏ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပြီး လူသုံးဦး ဆက်လက်ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ထပ်မံတွေ့ရှိခဲ့သည့် သေဆုံးသူများကို ဆူရာဘာရာရှိ ဘာရန်ကရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဆေးရုံတွင် ဆေးကုသမှု ခံယူနေသူဦးရေမှာ ယခုအခါတွင် ၁၀၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့အနက် လေးဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်းနှင့် ၉၉ ဦးမှာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သိရသည်။ ပြိုကျအဆောက်အအုံအနီး အခြား အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မဖြစ်စေရန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဂရုတစိုက် လုပ်ကိုင်လျက်ရှိသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ လှုပ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူ ၇၂ ဦးရှိ၊ လူပေါင်း ၅၄၇၃၉၄ ဦး ထိခိုက်

**မနီလာ အောက်တိုဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း စီဘူးပြည်နယ်၌ စက်တင်ဘာ ၃၀ ရက်က ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ရာ ၇၂ ဦးသေဆုံးပြီး လူပေါင်း ၅၄၇၃၉၄ ဦး ထိခိုက်ခဲ့ရကြောင်း နိုင်ငံ၏ အမျိုးသားဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီ အင်န်ဒီအာအာအမ်စီက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်။

ဒေသစံတော်ချိန် ည ၉ နာရီ ၅၉ မိနစ်က ဒေသတွင်း လှုပ်ခတ်ခဲ့သည့်ငလျင်မှာ ကမ်းလွန်ပင်လယ်ပြင် ရေအောက် အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်းနှင့် လူပေါင်း ၅၅၉ ဦးဒဏ်ရာရရှိကြောင်း၊ ငလျင်လှုပ်ခတ်ချိန်တွင် ကျေးရွာသားများ အိပ်ပျော်နေချိန် သို့မဟုတ် အိပ်ရာဝင်ရန် ပြင်ဆင်နေချိန်ဖြစ်ကြောင်း အင်န်ဒီအာအာအမ်စီက ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အခြေခံအဆောက်အအုံ၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများကို ကြီးကြီးမားမား ပျက်စီးစေခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီအထိ ငလျင်လှုပ်ခတ်မှု ၇၀၀၀ ကျော်ရှိသည်။ ငလျင်လှုပ်ခတ်မှုများကို ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ပညာဌာနက ဆက်လက်မှတ်တမ်းတင်ထားပြီး ပြည်သူများ ဘေးကင်းစေရေးအတွက် ယာယီသုံး ရွက်ဖျင်တဲများတွင် နေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**



# တောင်ငူမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၆၄) ကြိမ်မြောက် သံဃမဟာပဝါရဏာ လောင်းလှူပွဲ ပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော် မြတ်ကြီး၌ (၆၄)ကြိမ်မြောက် သံဃမဟာပဝါရဏာလောင်းလှူ ပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ အောင်မြင်ဇေယျကျောင်း တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ဇဝန အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်လောင်း လှူပူဇော်ကြသည်။

**လောင်းလှူပူဇော်**

ထိုသို့လောင်းလှူပူဇော်ရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါ စေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းတစ်လျှောက်၌ ကြွရောက်တော်မူကြသော သံဃာတော် ၃၉၂ ပါးနှင့် သာသနာ့နွယ် သီလရှင်အပါး ၁၀၀ တို့ကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

**မိုင်းရှင်းလင်းရေးဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား အောက်တိုဘာ ၄ ရက်မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်**

ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ အောက်တိုဘာ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

ယင်းအပြင် ကျောက်မဲမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောက်မဲမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးဝင်းအတွင်း/အပြင်နေရာများကို ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့အပြင် စေတနာရှင်၊ အလှူရှင်များက ကျောက်မဲမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမှတ်(၁) ရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဒံပေါက်၊ အအေးနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျောက်မဲမြို့၌ မိုင်းရှင်းလင်းရေး ဆောင်ရွက်ပေးစဉ်။



ကျောက်မဲမြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။




ကျောက်မဲမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။



ကျောက်မဲမြို့ရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ လှူဒါန်းစဉ်။

## သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီမြတ်မော်တင်စွန်းစေတီတော်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ဘုရားဖူးသူများ စည်ကား

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်၌ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) တွင် ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။



ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများသည် ကုန်းလမ်းရေလမ်းမှ သင်္ဘောများ၊ ကားများဖြင့် လာရောက်ကြပြီး ဘုရားကုန်းတော်အနီးရှိ တည်းခိုရိပ်သာများနှင့် ကုန်းတော်အောက်ရှိ အနုတ်(၁၂) Levelအတွင်း အနားယူအပန်းဖြေကြပြီး မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ဥပုသ်သီတင်း သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြသည့်အပြင် ပင်လယ်ကမ်းခြေ၏ သဘာဝအလှများကို ကြည့်ရှုခံစားပြီး ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးအပန်းဖြေခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက် ဖူးမြော်ခြင်း၊ ကျောက်ကလပ်သို့ သွားရောက်၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသူများဖြင့် စည်ကားပြီး အစိုးရရုံးပိတ်ရက်များတွင် တည်းခိုဆောင်ပြည့်သည်အထိ နေ့ချင်းပြန် လာရောက်လည်ပတ်ကြသလို ညအိပ် တည်းခိုသူများလည်း ရှိကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**



## တိလောကမာရဇိန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာရောက်သူများ စည်ကားလျက်ရှိ

**ကျိုက်လတ် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အမှတ်(၃)ရပ်ကွက်၊ (၇)ဖြတ်လမ်းရှိ တိလောကမာရဇိန်မြတ်စွာဘုရားကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)၌ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

ကျိုက်လတ်မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှ စတင်ကာ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် စည်ကားလျက်ရှိကြောင်း ညပိုင်းအချိန်တွင် ဆီမီးများ ဆက်ကပ်ပူဇော်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်**

## (၁၅၁)ကြိမ်မြောက် မုဒုံမြို့လုံးကျွတ် မဟာသံဃိကဆွမ်းကြီးလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မုဒုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်၏ (၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် မြို့လုံးကျွတ် မဟာသံဃိက ဆွမ်းကြီးလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့ ယနေ့နံနက်ပိုင်းက မြို့တွင်းလမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



မုဒုံမြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းရေးကော်မတီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဘုန်းကြီးကျောင်းတိုက် ၇၅ ကျောင်းမှ သံဃာတော် ၁၇၇၅ ပါးနှင့် သီလရှင်ကျောင်း ၂၀ မှ သီလရှင် ၂၆၂ ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စုစုပေါင်းလှူဒါန်း ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် လောင်းလှူကြပြီး သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ဆရာတော်သံဃာတော်များနှင့် သီလရှင်များ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပြည့်စုံစွာ သီတင်းသုံးနိုင်ရေးအတွက် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



## မိုင်းယောင်းမြို့ရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများ စည်ကား

**မိုင်းယောင်း အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့က ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစေတီတော်၊ မြို့ကျက်သရေဆောင် ဟိုခုံပရိယတ္တိစာသင်တိုက်၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းနှင့် မြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်သူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုပြုသူများ၊ စတုဒိသာကျွေးမွေး လှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများ စည်ကားများပြား

**ကျောက်ဆည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ သင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးတွင် တည်ရှိသော ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများနှင့် နေ့စဉ်စည်ကားလျက်ရှိပြီး ယနေ့နံနက်သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။



ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားသည် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံ သိမ်သမုတ်ခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်း အုန်းပွဲ၊ ငှက်ပျောပွဲ ကန်တော့ပွဲများ ပန်းနံ့သာများဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ အောင်မြင်စေရေး သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းသည့်အခါ ဆုတောင်းပြည့်ဝသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးတွင် ဘုရားဂေါပကအဖွဲ့လူကြီးများက ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် လုံခြုံရေးအဖွဲ့များက ဘုရားဖူးလာ ပြည်သူများ၏ လိုအပ်မှုများ ဖြည့်ဆည်းကူညီပေးလျက်ရှိပြီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအားထားရှိရန် စနစ်တကျ စီစဉ်ထားရှိပေးထားကာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ စည်ကားလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ရှင်သီဝလိခြေတော်ရာတောင်၌ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးလာပြည်သူများစည်ကား

**ကျောက်ကြီး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ မြို့ကျက်သရေဆောင် ရှင်သီဝလိခြေတော်ရာတောင်တော်မြတ်၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ကျောက်ကြီးမြို့နယ် ရှင်သီဝလိခြေတော်ရာတောင်တော်မြတ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ငါးထပ်ကြီးရုပ်ပွားတော်မြတ်၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ရှင်သီဝလိရဟန္တာမြတ် ဘယ်ခြေတော်ရာနှင့် ခြေဆေးကန်စေတီတော်တို့တွင် နေ့ကြီးရက်ကြီးများဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့နှင့် မြန်မာနှစ်သစ်ကူးအချိန်အခါများတွင် ဒေသခံပြည်သူများက ကုသိုလ်ပြုစိတ်အပန်းဖြေရာအနေဖြင့် ငါးထပ်ကြီးရုပ်ပွားတော်ရင်ပြင်နှင့် ဇရပ်တန်ဆောင်းများတွင် မိမိတို့ နေ့စဉ်လုပ်ငန်းခွင် မဝင်ရောက်ခင် တစ်နေ့တာအနားယူကုသိုလ်ပြု သီလယူသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၌ ကုသိုလ်ကောင်းမှုပြုသူများ အထူးစည်ကားများပြား

**ကျောက်တန်း အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ယနေ့နံနက်ပိုင်းမှ စတင်ကာ သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်တော်စေတီတော်မြတ်ကြီးတွင် ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုပြုသူများ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူများ၊ စတုဒိသာကျွေးမွေး



လှူဒါန်းကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ဆိပ်ဖြူမြို့နယ်၌ ရေဆေးပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆိပ်ဖြူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ သီတင်းကျွတ်ချိန် ဆီမီးထိန်ခေါင်းစဉ်ဖြင့် ရေဆေးပန်းချီပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၅ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းတို့တွင် ပန်းချီပညာလေ့လာသင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့က သီတင်းကျွတ်ချိန် ဆီမီးထိန်ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရကျောင်းသားကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်နှင့် ပန်းချီပညာရှင် ဆရာများက ဆုများချီးမြှင့်ပေးသည်။

**သူရိန်(ဆိပ်ဖြူ)**

## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ



**သံဖြူဇရပ် အောက်တိုဘာ ၆**

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကိုအောက်တိုဘာ ၆ ရက်က ကျိုက္ခမီ ရေလယ်ဆံတော်ရှင်မြတ် ဘုရားကြီး၏ သာသနာ့ဗိမာန် ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အေးရိပ်သာမဟာစည်မန္တလေးကျောင်းတိုက် ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တဝိသုတာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်ဖြင့် ချီးမြှင့်သည်။ ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်၊ သံဖြူဇရပ်တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှဝေခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ လပြည့်ကျော် ၅ ရက်အထိ နှစ်စဉ်ကျင်းပပေးပြီး လပြည့်နေ့နံနက်တွင် ဆွမ်းအိုးမှောက်ပွဲပြုလုပ်ကာ လပြည့်ကျော် ၅ ရက်အထိ ဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လက်ဝှေ့ပွဲများဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သီတင်းကျွတ်လပြည့်နေ့၌ ပဲခူးမြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများ စည်ကားများပြား

**ပဲခူး အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်နေ့တွင် ပဲခူးမြို့ရှိ ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဘုရား၊ စိန်သာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ဟင်္သာကုန်းဘုရား၊ ရွှေဂူကြီးဘုရား၊ ရွှေဂူလေးဘုရား စသည့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတို့တွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများသည် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များ ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း စသည့် ကုသိုလ်ပြုမှုများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

## သဲကုန်းမြို့နယ်အတွင်းရှိ စေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလနှင့် စတုဒိသာကျွေးမွေးသူများ စည်ကား

**သဲကုန်း အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၌ သီတင်းကျွတ် လပြည့် (အဘိဓမ္မာအခါတော်နေ့)



တွင် ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီလ ဆောက်တည်သူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်တော်ကြီးများထံမှ ဥပုသ်သီလ တရားနာယူသူများ၊ အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်သူများ၊ ဘုရားပန်းလဲလှယ်သူများ၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိပြီး စေတီပုထိုးများတွင် ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ ဘာသာရေးဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်ပူဇော်ခြင်း၊ တရားဘာဝနာပွားများခြင်းများဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(ပြန်/ဆက်)

## ကြံခင်းမြို့၌ ဝါကျွတ်မီးထွန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသူများ စည်ကား

**ကြံခင်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄၇) ကြိမ်မြောက် တာဝတိံသာဘုရားဆင်းပွဲတော်နှင့် ဗုဒ္ဓပူဇနိယဝါကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်နေ့မှစတင်၍ ဈေးရောင်းပွဲတော်ကြီးနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၅ ရက်ညတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း၈ ရက်နေ့မှစတင်၍ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ နှစ်စဉ်ကျင်းပလျက်ရှိရာ ဘုရားပွဲတော်တွင် အရပ်ဆိုင်များ၊ မုန့်မျိုးစုံဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာ (ရွှေညီအစ်ကို) ပင်လယ်ဓားပြလှေ၊ ရဟတ်များ၊ ကလေးကစားစရာပျော့အိ ကလေးကစားစရာမျိုးစုံတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ကြံခင်းမြို့ပေါ်ရပ်ကွက်များရှိ ဘုရားစေတီပုထိုးတော်များ၊ ဌာနဆိုင်ရာရုံးဌာနများနှင့် နေအိမ်အဆောက်အအုံများတွင် ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်းကာ ဆီမီးများဖြင့် ပူဇော်လျက်ရှိကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## မိုးညှင်းမြို့ပေါ်ရှိ ဘုရား၊ စေတီများ၌ ဘုရားဖူးလာရောက်သူများ စည်ကား

**မိုးညှင်း အောက်တိုဘာ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ်ရှိ အထင်ကရဘုရားများဖြစ်သည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးနှင့် မြသိန်းတန်ဘုရားအပြင် အခြားစေတီများတွင်လည်း သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ညတွင် ကချင်ပြည်နယ်တွင် အကြီးဆုံးဖြစ်သည့် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးနှင့် မြို့မရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးဝင်းတို့တွင် ဘုရားသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများကလည်း ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းမှ



ဝတ်ရွတ်ပူဇော်ကြခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ကြခြင်းများအပြင် ဘုရားဖူးပြည်သူများအား အလှူရှင်များမှ စတုဒိသာအဖြစ် ရိုးရာခလေ့မုန့်များနှင့် အအေးများ တိုက်ကျွေးခြင်းများကို နှစ်စဉ်ပြုလုပ်ကြလျက်ရှိကြောင်း သိရသည်။

ရွှေမိုးညှင်း



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်လည်ပတ်သူ များပြား

**ချောင်းသာ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သီတင်းကျွတ်ရုံးပိတ်ရက်များဖြစ်သည့် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အတွင်း ခရီးသွားဧည့်သည်များ ယခင်နှစ်ထက် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။

ချောင်းသာကမ်းခြေသည် ကမ်းခြေရှည်လျားပြီး လည်ပတ်စရာနေရာ များစွာရှိသောကြောင့် ရုံးပိတ်ရက်များအတွင်း လာရောက်အပန်းဖြေလည်ပတ်ကြရာ ယခုနှစ်တွင် ယခင်နှစ်ထက် ခရီးသွားဧည့်သည် ပိုမိုလာရောက်လည်ပတ်လျက်ရှိသည်။ ခရီးသွားဧည့်သည် များပြားစွာလာရောက်လည်ပတ်သည့်အတွက် ဒေသခံများကလည်း ဒေသထွက်အစားအစာများ၊ ပင်လယ်ထွက် အမှတ်တရပစ္စည်းများ ပိုမိုရောင်းချရသည့်အတွက် အဆင်ပြေလျက်ရှိကြသည်။

ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ လာရောက်လည်ပတ်နိုင်ရေးနှင့် ကမ်းခြေသာယာလှပရေးအတွက် ချောင်းသာမြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ ကမ်းခြေတစ်လျှောက်ရှိ စုပေါင်းအမှိုက်ကောက်ခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

## သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့၌ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ခရီးသွားဘုရားဖူးပြည်သူများဖြင့်စည်ကား

**ညောင်ဦး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ခရီးသွား ဘုရားဖူးပြည်သူ တစ်သိန်းခွဲကျော် လာရောက် ဖူးမြော်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားရေးမှူးဦးစီးဌာန(ပုဂံ)ရုံးခွဲ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံက သိရသည်။

ရုံးလေးရက် ဆက်ပိတ်ခြင်းနှင့်အတူ သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးပြည်သူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရဘုရားများ၊ သာသနိကအဆောက်အအုံများ၊ အပန်းဖြေဆင်စခန်းတို့တွင် ခရီးသွားများဖြင့် စည်ကားနေကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့က ပြောသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလာကြသည့် ခရီးသွားဘုရားဖူးများသည် ဘုရားဈေးတန်းများတွင် ရောင်းချနေသည့် ပုဂံသမိုင်းစာအုပ်များ၊ ပုဂံသုတေသနစာအုပ်များ၊ ပုဂံသမိုင်းရုပ်ပြစာအုပ်များ၊ ပုဂံဒေသထွက် ယွန်းပစ္စည်းအမျိုးမျိုး၊ မန်ကျည်းပလိပ်၊ မန်ကျည်းတော်ဖီ၊ ပုဂံဒေသထွက် ပုဂံရောက်အမှတ်တရ အဝတ်အစားများ၊ ထန်းလျက်နှင့် ထန်းလျက်အမျိုးမျိုးဝယ်ယူမှုများပြားလျက်ရှိသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း လေ့လာရေးခရီးသွား ဘုရားဖူးများ များပြားလျက်ရှိနေကာ ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ မဟာငှက်ပစ်တောင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ စူဠာမဏိဘုရား၊ ပြဿာဒ်ကြီးဘုရား၊ ဓမ္မရာဇကဘုရား၊ မြစေတီဘုရား၊ မနုဟာဘုရားတွင် ဘုရားဖူးများ စည်ကားလျက်ရှိနေကြောင်း သိရသည်။

**ဒီပါလင်း**

## ရန်ကုန်တိုင်းဒေသကြီးလူငယ်စင်တာ၌ ကြက်ခြေနီ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် လူငယ်ရေးရာ အထောက်အကူပြုကော်မတီတို့ ပူးပေါင်း ဖွင့်လှစ်သော ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းကို အောက်တိုဘာ ၅ ရက်က သာကေတမြို့နယ်ရှိ တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင် တပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးဌေးအောင်က သင်တန်းသား သင်တန်းသူများကို စိတ်ဓာတ်ခွန်အားပေး အမှာစကားပြောကြားသည်။




သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင် တပ်ဖွဲ့မှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လူငယ်ရေးရာ အထောက်အကူ ပြုကော်မတီမှတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိသူများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ပြီး ဌာနချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များက သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူ ၁၇၃ ဦးအား အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ စာတွေ့ လက်တွေ့များ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အိရွှေစင်လတ်(သာကေတ)**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၉)ရပ်ကွက် ဇေယျဝတီကျောင်းတိုက်ဓမ္မာရုံ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုကျော်(သုံးခွ)



## ကော့သောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ကော့သောင်း အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိတို့က ပြောင်းလဲကျင့်သုံးမည့်ရွေးကောက်ပွဲစနစ် (MMP)၊ မဲပေးသည့်ပုံစံ (MEVM) နှင့် ရွေးကောက်ပွဲကျင်းပမည့်ပုံစံ (အပိုင်းလိုက်) တို့ကို ရှင်းလင်းပြောကြားပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းသိကောင်းစရာများ၊ ၎င်းစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အသက်(၁၈)နှစ်ပြည့်ပြီး ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်စေရန် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေး ကွင်းဆင်းကြီးကြပ်

**ကျောင်းကုန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မဲစာရင်းများ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့(၂)မှ ဝက်ချောင်းတိုက်နယ်သို့ ယမန်နေ့က ကွင်းဆင်းကြီးကြပ်ခဲ့သည်။

အဆိုပါ ဝက်ချောင်းတိုက်နယ် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်၊ မြို့နယ်စာရင်းစစ်ဦးစီးမှူး ဒေါ်အိအိမောင်နှင့် မြို့နယ်တရားသူကြီး ဒေါ်ဝါဝါကျော်တို့အဖွဲ့သည် မိုးမခကျေးရွာအုပ်စု၊ မဲရုံ(၁)နှင့်(၂)အတွက် မဲဆန္ဒရှင် ၁၀၈၉ ဦးအား စာရင်းကပ်ထားရှိမှု အခြေအနေများကြည့်ရှုခြင်း၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားခြင်း၊ ယာယီနေရပ်စွန့်ခွာသူ မဲဆန္ဒရှင်ငါးဦး၏ လျှောက်ထားမှုအခြေအနေများ စိစစ်ခြင်း၊ ပုံစံ-၄ ဖြင့် ပယ်ဖျက်ရမည့်သူ ၁၇ ဦး၏ စာရင်းများအား ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သော နေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးထွန်းညှိပူဇော်ပွဲများနှင့် နိဗ္ဗာန်ဈေးရောင်းပွဲတော်များ ကျင်းပ



**မန္တလေး အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာအစဉ်အလာအရ ဘုရားရှင်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်သည့် ကုသိုလ်ကောင်းမှုများပြုလုပ်ကြရာ ယနေ့ ညနေပိုင်းက အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် ဒသမ အကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

**ထွန်းညှိပူဇော်**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များ၊ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများက မြတ်ဗုဒ္ဓကိုကြည်ညိုစိတ်ဖြင့် ရည်မှန်း၍ အတူတကွ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်တွင်ကျင်းပသည့် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ် "ဂီတဆည်းဆာ" ပဒေသာကပွဲ ဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက ဂီတဆည်းဆာ ပဒေသာကပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြသူများအား အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာသီတာဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ အဆို၊ အက၊ တေးဂီတတို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နန်းမြို့အတွင်း ကျင်းပသည့် ဆီမီးထွန်းညှိပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးရောင်းပွဲတော်အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့က မန္တလေးနန်းမြို့ မြနန်းစံကျော် ရွှေနန်းတော်ပတ်လည်တွင် ဆီမီးအလှနှင့် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိပူဇော်ထားရှိမှု၊ မန္တလေးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ စတုဒိသာမဏ္ဍပ်များတွင် စတုဒိသာများဖြင့် ဧည့်ခံနေမှုများ၊ ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတများဖြင့် အနုပညာရှင်များ သီဆိုဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**နေပြည်တော် အောက်တိုဘာ ၆**

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အန္တရာယ်ကင်း အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့ကျက်သရေဆောင် စုဋ္ဌာမုနိလောက ချမ်းသာ စေတီတော်မြတ်ကြီး ဇေတဝန်ဗုဒ္ဓသာသနာဗိမာန်တော်၌ ပြုလုပ်ရာ နိုင်ငံတော်သြဝါဒစရိယ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့မှ အောက်တိုဘာ ၁၂ ရက်အထိ ရွတ်ဖတ် ပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန့်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ



**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက်

**(၆-၁၀-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၈-၉-၂၀၂၅) ရက်နေ့ ည (၈:၀၀)နာရီမှ (၅-၁၀-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင် ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်း အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

**နေပြည်တော် အောက်တိုဘာ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၈-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခိုင်လုံသော အကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# သီတင်းကျွတ်ကာလပိတ်ရက်အတွင်း DEMU အထူးရထားများ တိုးချဲ့ပြေးဆွဲ

## ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားနှစ်စင်း နေ့စဉ်ပြေးဆွဲပေးမည်

**နေပြည်တော် အောက်တိုဘာ ၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်- ရန်ကုန်ခရီးစဉ်အတွက် အထူးရထားများအား အောက်ပါအတိုင်းပြေးဆွဲပေးလျက်ရှိပါသည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၆-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | ၆-၁၀-၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၃ | ၆-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | ၆-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၅ | ၇-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၆ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၁) | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၇ | ၇-၁၀-၂၀၂၅ | အဆန်အထူး(၂) | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၈ | ၇-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၉ | ၇-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၁၀ | ၈-၁၀-၂၀၂၅ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၁၁ | ၈-၁၀-၂၀၂၅ | အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၁၂ | ၈-၁၀-၂၀၂၅ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |
| ၁၃ | ၈-၁၀-၂၀၂၅ | အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ DEMU တွဲဆိုင်းများဖြင့် ရန်ကုန်-နေပြည်တော် အမှတ်(၇) အဆန်၊ နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် ရထားများဖြင့်ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများ ရထားစီးနင်းမှုများပြားလာသည့်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ်(၃၁)အဆန် /အမှတ်(၃၂)အစုန်ရထားများအား အောက်ပါအချိန်များအတိုင်း အောက်တိုဘာ ၉ ရက်မှ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၀၆:၀၀ | ၁၁:၃၀ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၀၆:၀၀ | ၁၁:၃၀ |
| ၃ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၀၀ | ၁၇:၃၀ |
| ၄ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၀၀ | ၁၇:၃၀ |

လမ်းခရီးတစ်လျှောက်ယခင်အတိုင်း တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူနှင့် ပျဉ်းမနားဘူတာတို့တွင် ရပ်တန့်ပေးသွားမှာဖြစ်ပြီး သုံးမိနစ်ခန့်ရပ်တန့်ပေးသွားမည်ဖြစ်ပါသည်။

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင်လည်း ဝယ်ယူနိုင်ကြောင်း၊ ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ငါးရက်ကြိုတင်၍ တယ်လီဖုန်းအမှတ်၊ ၀၉၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉၈၈၀၉၄၂၆၀၁(ပျဉ်းမနား)၊ ၀၉၈၈၀၉၄၂၆၀၈(ရန်ကုန်)တို့ဖြင့် ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့်အသုံးပြုကာ ငွေပေးချေခြင်း၊တန်းစီခရီးသည်များလက်မှတ်ဝယ်ယူရာတွင် လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**မြန်မာ့မီးရထား**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုကြပြီး အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား



မန္တလေးမြို့ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကိုတွေ့ရစဉ်။

**နေပြည်တော်  အောက်တိုဘာ ၆**

သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့် အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

**ကုသိုလ်ဒါနပွားများ**

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း၊ ဇီဝိတဒါန ငါး/ငှက်လွှတ်ခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်၌ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယလေးဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှဖျော် ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

**အထူးစည်ကား**

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**ရောင်စုံမီးများတပ်ဆင်**

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများလွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နေပြည်တော် ရေပန်းဥယျာဉ် ဂီတပွဲတော်၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တန်ခိုးကြီးဘုရား၌ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ပဲကတိုကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး ကိုးလုံးနှင့် ဆက်စပ်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၅၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၈၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး





(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၈၂၂၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၄၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၉ ရက်၊ ၃၀ ရက်၊ အောက်တိုဘာ ၃ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး လေးဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၆**


ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ အောက်တိုဘာ ၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။




တာချီလိတ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ် ဆေးရုံဟောင်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (တာချီလိတ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရှမ်းရိုးမမီးပွိုင့်ဘက်မှ တံတား(၁)ဘက်သို့ တာချီလိတ်မြို့နယ် ပါဝုန်းကျေးရွာနေ အိုက်ကျိုင်း (၄၈) နှစ် မောင်းနှင်လာသည့် SHN-12 9M/---- FORD RAPTOR မော်တော်ယာဉ်သည် ဆေးရုံဟောင်းရှေ့ လမ်းဆုံအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့မှ မောင်းနှင်နေသည့် SHN/----- Click-125 ဆိုင်ကယ်၊ အထက (၁) အနီး လမ်းဆုံတွင် 6W/------ WAVE I ဆိုင်ကယ်၊ SHN/------ YAMAHA 125 ဆိုင်ကယ်နှင့် YGN-5 7H/---- HONDA FIT မော်တော်ယာဉ်တို့ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသမီး တစ်ဦးနှင့် တစ်နှစ်ခန့်ရှိ ကလေးကျား တစ်ဦးတို့တွင် ဒဏ်ရာများရရှိ သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦး၊ အမျိုးသမီး လေးဦးနှင့် ကလေး(ကျား) တစ်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အိုက်ကျိုင်းအား တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## အပူပိုင်းမုန်တိုင်း မတ်မို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်

**နေပြည်တော် အောက်တိုဘာ ၆**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ရှီးပြည်နယ်ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်း"မတ်မို"(MATMO)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကွမ်ရှီးပြည်နယ် ကုန်းတွင်းပိုင်းနှင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနယ်စပ်ဒေသတို့ကို ရောက်ရှိခဲ့သည်။ အဆိုပါ အပူပိုင်းမုန်တိုင်း "မတ်မို"သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ဒလမြို့နယ်၌ မော်တော်ယာဉ်မှ လမ်းလျှောက်နေသူအား ဝင်ရောက်တိုက်မိ၍ အမျိုးသမီး တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အောက်တိုဘာ ၄ ရက်က မော်တော်ယာဉ်မှ လမ်းလျှောက်နေသူအား ဝင်ရောက်တိုက်မိ၍ အမျိုးသမီး တစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် ဒလမြို့နယ် တုံးတင်ဂံ(တောင်)ကျေးရွာအဝင်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပျော်ဘွယ်ကြီးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တုံးတင်ဂံ(တောင်)ကျေးရွာ ရွာလယ်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၂၉)ရပ်ကွက်နေ ကျော်သူ(၃၈) နှစ် မောင်းနှင်လာသော YGN-40 5H/---- LIGHT TRUCK ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းလျှောက်နေသော အဆိုပါကျေးရွာနေ ဒေါ်အမာညို(၇၇)နှစ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်အမာညိုတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့်





ဒလမြို့နယ်၌ မော်တော်ယာဉ်မှ လမ်းလျှောက်နေသူအား ဝင်ရောက်တိုက်မိမှုဖြစ်စဉ်မှ မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ကျော်သူအား ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့သစ်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာ ပြည်သူများလာရောက်ကြည့်ရှု

**မြို့သစ် အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက်မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းကစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အသီးသီး၌ ကပ်ထား ကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာတွင် အသက် (၁၈) နှစ်ပြည့်ပြီးသူများအနေဖြင့် မိမိတို့ နေထိုင်ရာဒေသတွင် ပုံစံ (၆၆/၆)ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ (၄-က) ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန်ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။



**ဝင်းအိဇွန်**

**(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်း ရပ်ကွက်များအလိုက် ဆက်လက်ကပ်ထားကြေညာ

**ကျောက်တန်း အောက်တိုဘာ ၆**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ရပ်ကွက်များအလိုက် ပထမအကြိမ်ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှစ၍ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးများတွင် ကပ်ထားကြေညာထားကြောင်း သိရသည်။

ထိုသို့ ကပ်ထားကြေညာရာတွင် ကျောက်တန်းမြို့နယ် ရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားကြေညာထားသည်။



အဆိုပါ မဲစာရင်းများ ကပ်ထား ကြေညာထားခြင်းကို မဲဆန္ဒရှင် ပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုပြီး ပြန်လည်ပြင်ဆင်လိုသည့် အချက်အလက်များကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်တွင် ပုံစံများတောင်းခံ၍ ဖြည့်သွင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

မဲစာရင်းများ ကပ်ထားကြေညာရာ ရပ်ကွက်ရုံးများသို့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတာဝန်ကျသည့် ရပ်ကွက်များသို့ လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း




မှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- လူရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မကွေးမြို့ မြသလွန်စေတီတော်၌ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၆**

ဗုဒ္ဓဘာသာတို့၏ နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အောက်တိုဘာ ၆ ရက်တွင် မကွေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရားစေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပြည်သူအများ လာရောက်ကာ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းတရားတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ယဉ်ကျေးမှု အစဉ်အလာမပျက် မီးထွန်းပွဲတော်များကို စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိပြီး မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ယခင်နှစ်များနည်းတူ သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းကို ကျင်းပဆောင်ရွက်ရာ မြသလွန်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းကို ယနေ့ ညနေ ၆ နာရီက မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပရာ အထူးစည်ကားလျက်ရှိပြီး ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်ချုပ် သိန်းထွန်းဦး၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် သန်းနိုင်ညွန့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်၍ မြသလွန်ဘုရား ရင်ပြင်တော်ရှိ မဟာဝိဇယရံသီ တန်ဆောင်းတော်၌ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆီမီး၊ ပန်းရေချမ်း ကပ်လှူပြီး ဘုရားရင်ပြင်တော်တွင် ဆီမီးထွန်းညှိ ပူဇော်ကာ စည်ကားသိုက်မြိုက်စွာဖြင့် ဘုရားဖူးလာပြည်သူများနှင့်အတူ မြသလွန်စေတီတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

မကွေးမြို့တွင် မြသလွန်စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်းပိုင်းမှ သီတင်းကျွတ်လပြည့်ကျော်အထိ ဒေသစုံမှ လာရောက်သည့် ဈေးရောင်း၊ ဈေးဝယ်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် စည်ကားသိုက်မြိုက်စွာဖြင့် ၂၀၁၉ ခုနှစ်ထိ အစဉ်အလာမပျက် ကျင်းပပြီး ကိုဗစ် ၁၉ ရောဂါကြောင့် ရပ်နားထားရာမှ ယခင်နှစ်(၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မြသလွန်ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ပြန်လည်ကျင်းပခဲ့ပြီး ယခုနှစ် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏(၂၅၈၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များနည်းတူ သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ၊ ပန်း ၉၀၀၀ ၊ နံ့သာ ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲများကို ကျင်းပဆောင်ရွက်လျက်ရှိကြောင်းနှင့် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား အစဉ်အလာမပျက် (၁၃၈၇– ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ) အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ ရက် ၂၀ တိုင်တိုင် အငြိမ့်ပွဲ၊ ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာ အစားအစာအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ တောင်သူသုံး ပစ္စည်းအမျိုးမျိုးနှင့် ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော်ဖြင့် ခင်းကျင်းရောင်းချကာ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**





## သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ မြစ်ကြီးနားမြို့ရှိ စေတီပုထိုး၊ ဘုရားကျောင်းကန်များတွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

**မြစ်ကြီးနား အောက်တိုဘာ ၆**

၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့် စေတီတော်၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။(ဓါတ်ပုံ)

**စည်ကားလျက်ရှိ**

အဆိုပါ စေတီတော်ဝင်ရာလမ်း တစ်လျှောက်၌ မုန့်ဆိုင်တန်းများ၊ ကလေးကစားစရာ ပစ္စည်းအရောင်းဆိုင်များဖြင့် လည်ပတ်စားသောက်လျက် ရှိသူများဖြင့် စည်ကားလျက် ရှိသည့်အပြင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ ရပ်တော်မူစေတီတော်ကြီးနှင့်လျောင်းတော်မူ စေတီတော်တို့တွင်လည်း ကုသိုလ်ကောင်းမှုပြုသူများ၊ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် မြို့လယ်ရှိ စိမ်းမြရောပန်းခြံနှင့် ကလေးကစားကွင်း၌လည်း မိသားစုလိုက် လာရောက်လည်ပတ် ကစားသူများဖြင့် ယခင်နှစ်များထက် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇–၃၄၀၄၉၃၁၊ ၀၆၇–၃၄၀၄၉၂၂၊ ၀၆၇–၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉– ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## သီတင်းကျွတ်လပြည့်နေ့ ညတွင် တောင်ကြီးမြို့ရှိ ဘုရား၊စေတီပုထိုးများတွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ



တောင်ကြီး အောက်တိုဘာ ၆

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ တောင်ကြီးမြို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။(ဓါတ်ပုံ)

ယနေ့ သီတင်းကျွတ်လပြည့်နေ့ ညပိုင်းတွင် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်ကြီးနှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့တွင် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကုသိုလ်ယူကြသူများ၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်ပူဇော်ကြသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ကျော်ဇင်(ပြန်/ဆက်)

## ကျွန်းစုမြို့နယ် ပထော်၊ပထက်ကျေးရွာရှိ အတုလရံသီရွှေသာလျောင်းဘုရားကြီးသို့ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

ကျွန်းစု အောက်တိုဘာ ၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထော်၊ ပထက်ကျေးရွာရှိ အတုလရံသီ ရွှေသာလျောင်းဘုရားကြီးသို့ အောက်တိုဘာ ၆ ရက်(သတင်းကျွတ်လပြည့်နေ့) နံနက် ၆ နာရီမှ ည ၈ နာရီအထိ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ အတုလရံသီရွှေသာလျောင်းဘုရားကြီးသို့ မြိတ်မြို့မှ ဘုရားဖူးပြည်သူများသည် စက်လှေများဖြင့်လည်းကောင်း၊ ပထော်၊ ပထက်ကျေးရွာမှ ဘုရားဖူးပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဘုရားဖူးလာရောက်ခဲ့ကြောင်းနှင့် အတုလရံသီရွှေသာလျောင်းဘုရားကြီးသို့ ဘုရားဖူးပြည်သူ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၅၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း အဆိုပါ ဘုရားကြီးဂေါပကထံမှ သိရသည်။

ထိုသို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးဧည့်သည်များကို ၇ ရက်သားသမီးအလှူရှင်များက ကြက်သားဆန်ပြုတ်ဖြင့် စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။



မြင့်ဦး(မြိတ်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့






## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**စာ ပေ မြင့် မှ လူ မျိုး တင့် မည်**



## လှိုင်ကော်မြို့၌ ကုသိုလ်ဒါနပြုသူများ၊ အပန်းဖြေကြသူများဖြင့် စည်ကား

**လှိုင်ကော် အောက်တိုဘာ ၆**

လှိုင်ကော်မြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ)၊ သမိုင်းဝင်ဆုတောင်းပြည့် မြို့နာမ်စေတီတော်၊ လျောင်းတော်မူဘုရား၊ သစ်တစ်ပင်တောင်တော် စသည့် ဘုရားစေတီပုထိုးများ၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်၊ ဒေါဠခူပရိယတ္တိစာသင်တိုက်၊ ရွှေကျောင်းပရိယတ္တိ စာသင်တိုက် စသည့်ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် နောင်ယားကန်သာ၊ ထေးငှားလျားကန်သာ၊ ကန္ဒဟောဝန်ပန်းခြံနှင့် ရှုခင်းသာပန်းခြံတို့တွင်လည်း လာရောက်အပန်းဖြေအနားယူသူများဖြင့် ယခင်နှစ်များထက် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာထားခြင်းကို ရန်ကင်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ပြည်သူစာရင်း(နည်းဥပဒေ-၄)တွင် ပါဝင်သည့်မဲဆန္ဒရှင် ပြည်သူအမည်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကြေညာလျက်ရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်ပြည်သူ အမည်စာရင်းများ ကြေညာကပ်ထားခြင်းကို မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိတို့အမည်စာရင်းများကို ကြည့်ရှုနိုင်ပြီး မပါဝင်ပါက ပုံစံ (၃) ဖြင့်လည်းကောင်း၊ အချက်အလက်မပြည့်စုံပါက ကန့်ကွက်လိုလျှင် ပုံစံ (၄) ဖြင့်လည်းကောင်း တင်ပြဆောင်ရွက်နိုင်ကြောင်း မဲစာရင်းကြေညာထားခြင်းမဲစာရင်းများကို ပြည်သူများ မသိသူမရှိစေရန် ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် လှည့်လည်၍နှိုးဆော်ပေးလျက်ရှိသည်။

ယင်းမဲစာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်



မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

လှလှထွေး

## သရက်မြို့၌ ကမ္ဘာ့ဆရာများနေ့ အာစရိယပူဇော်ပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အာစရိယ ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့က အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးက ကမ္ဘာ့ဆရာများနေ့တွင် အာစရိယပူဇော်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်အား ပြောကြားပေးခဲ့ပြီး အသက်(၈၆)နှစ်အထက် အပူဇော်ခံ ဆရာကြီးဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့သည်။ **ဇော်ထက်(သရက်)**





စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၂) ကျောင်းဆင်းအရာရှိများ၏ မိသားစုဝင်များက ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သားသမီးများအား ချီးမြှင့်ဂုဏ်ပြုသည့်အခမ်းအနားကို အောက်တိုဘာ ၅ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀ အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်စဉ်။ အောင်ကို(ပြန်/ဆက်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရန်အတွက် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာ

**ဒဂုံအရှေ့ အောက်တိုဘာ ၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထား ကြေညာထားခြင်းကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိမဲဆန္ဒရှင်ပြည်သူစာရင်း (နည်းဥပဒေ-၄)တွင် ပါဝင်သည့် မဲဆန္ဒရှင် ပြည်သူအမည်စာရင်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကြေညာလျက်ရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်ပြည်သူ အမည်စာရင်းများ ကြေညာကပ်ထားခြင်းကို မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိတို့ အမည်စာရင်းများကို ကြည့်ရှုနိုင်ပြီး မပါဝင်ပါက ပုံစံ(၃) ဖြင့်လည်းကောင်း၊ အချက်အလက်မပြည့်စုံပါက ကန့်ကွက်လိုလျှင် ပုံစံ (၄) ဖြင့်လည်းကောင်း တင်ပြဆောင်ရွက်နိုင်ကြောင်း မဲစာရင်းကြေညာထားခြင်းမဲစာရင်းများကို ပြည်သူများ မသိသူမရှိ စေရန် ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် လှည့်လည်၍ နှိုးဆော်ပေးလျက်ရှိသည်။

ယင်းမဲစာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက် အထိ ကြေညာသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **အေးမဉ္ဇူ**



# ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဆီမီးထွန်းညှိပူဇော်



ပြင်ဦးလွင် အောက်တိုဘာ ၆

ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား) သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခွဲက ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၌ ဆီမီးထွန်းညှိပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပရာ ယခင်နှစ်များနည်းတူ ယခုနှစ်တွင်လည်း ဆီမီး ၃၀၀၀ ကို ထွန်းညှိပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆင်နွှဲပူဇော်ကန်တော့ကြသည်။ (ယာပုံ) ခရိုင်(ပြန်/ဆက်)

## (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
( ခ ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
( ဂ ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
( င ) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကင်မလင်းကျွန်း၊ မဥ္ဇူလမ်း၊ အိမ်အမှတ်(ဒီ-၃၈၇)နေ (ဘ) ဦးစံကဲ ၏သမီးဖြစ်သူ ဒေါ်တင်စန္ဒာရွှေ ၁၄/သပန(နိုင်)၀၄၈၃၆၄ နှင့် ဒေါ်စန္ဒာရွှေ သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

**ဒေါ်တင်စန္ဒာရွှေ(ခ)ဒေါ်စန္ဒာရွှေ**

### နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဒေသကောလိပ်ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၂)၊ ရေိယာ(၀ဒသမ၁၂၀)ကေ၊ မြေငှားဂရန် အမှတ်တွဲအမှတ် ၁၁၁-၅/၂၀၂၃-၂၀၂၄ဖြင့် ဒေါ်လျူရှောင်ချင် ၁၃/လကန(နိုင်)၀၁၈၁၇၇ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဒေါ်လျူရှောင်ချင်မှ ရောင်း/ဝယ်စာချုပ်အမှတ် (၃၁/၂၀၂၅)ဖြင့် ဦးဝင်းဗိုလ် ၉/မရတ(နိုင်)၁၀၁၆၀၂+ဒေါ်ခင်စန်းဦး ၁၃/ကမန (နိုင်)၀၀၆၂၄၈ တို့ထံ ရောင်းချပေးပြီး ဖြစ်၍ ဦးဝင်းဗိုလ်၊ ဒေါ်ခင်စန်းဦးတို့အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးဝင်းဗိုလ်၊ ဒေါ်ခင်စန်းဦးတို့ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁+၇+၈ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၅၇)၊ ရေိယာ(၀ဒသမ၁၂၈)ကေ၊ မြေငှားဂရန်အမှတ်တွဲ အမှတ် ၁၀၁၆-၅/၂၀၁၆-၂၀၁၇(အေ)ဖြင့် ဒေါ်ယေ့ပုလုပ် ၁၃/လရန(နိုင်) ၀၂၀၄၈၄ အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး၊ ဒေါ်ယေ့ပုလုပ်သည် ၁၂-၅-၂၀၁၇ ရက်တွင်လည်းကောင်း၊ ဖခင် ဦးဆမ်အောင်သည် ၂၅-၅-၂၀၂၀ရက် တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် သား/သမီး(၅)ဦးဖြစ်သည့် ဦးဆိုင်ပေါင်း ၁၃/လရန(နိုင်) ၁၀၆၉၀၄၊ ဒေါ်မေရီ ၁၃/လရန(နိုင်) ၁၂၆၅၀၇၊ ဒေါ်အက်တွဲ ၁၃/လရန(နိုင်) ၁၁၁၉၆၇၊ ဒေါ်အုပ်ကပ် ၁၃/လရန(နိုင်)၁၂၉၈၇၈၊ ဦးညီခွန်း ၁၃/လရန(နိုင်) ၁၄၅၂၃၇တို့မှ စာချုပ်အမှတ်(၅၃IV/၂၀၂၄)ဖြင့် အမွေဆက်ခံပြီးနောက် ရေိယာ(၀ဒသမ၀၅၀)ကေကို ဦးဆိုင်ပေါင်း+ဒေါ်အုပ်ကပ် အမည်ဖြင့်လည်းကောင်း၊ ရေိယာ(၀ဒသမ၀၅၀)ကေကို ဦးညီခွန်းအမည်ဖြင့်လည်းကောင်း၊ ရေိယာ(၀ဒသမ၀၂၈)ကေကို ဒေါ်မေရီအမည်ဖြင့်လည်းကောင်း ဦးပိုင်ခွဲစိတ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာရာလျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မြေငှားဂရန် အမှတ်တွဲအမှတ် ၁၀၁၆-၅/၂၀၁၆-၂၀၁၇(အေ)အား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဦးညီခွန်းပါ(၄)ဦးတို့ကို ဦးပိုင်ခွဲစိတ်မိန့်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁၁/ဇဗျူဟာလမ်းရပ်)၊ ဦးပိုင်အမှတ်(၂၈၄)၊ ရေိယာ(၀ဒသမ၂၅၇)ကေ၊ မြေငှားဂရန်အမှတ်တွဲအမှတ် ၅၉၂-၅/၂၀၁၇-၂၀၁၈(အေ)ဖြင့် ဒေါ်ခင်စီ ၁၃/လရန(နိုင်)၀၂၀၉၀၁ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဒေါ်ခင်စီသည် ၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့်ခင်ပွန်း ဦးစိုးမြင့် ၁၃/လရန(နိုင်) ၀၂၀၈၈၃မှ စာချုပ်အမှတ်(၄၅၄/IV/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးနောက် ဦးစိုးမြင့်မှ ရေိယာ(၀ဒသမ၀၉၄)ကေကို ဦးကျော်စွာစိုး ၁၃/လရန(နိုင်) ၀၈၂၉၅၃ထံသို့ လည်းကောင်း၊ ရေိယာ(၀ဒသမ၀၆၈) ကေကို ဦးထွန်းထွန်းလွင် ၁၃/လရန(နိုင်)၀၈၂၈၃၁ထံသို့လည်းကောင်း၊ ရေိယာ(၀ဒသမ၀၉၅)ကေကို ဒေါ်ချောကေခိုင် ၁၃/လရန(နိုင်) ၁၀၆၂၄၉ ထံသို့ လည်းကောင်း အသီးသီးစွန့်လွှတ်ပြီးဖြစ်၍ ဦးကျော်စွာစိုး၊ ဦးထွန်းထွန်းလွင်၊ ဒေါ်ချောကေခိုင်တို့အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက မြေငှားဂရန်အမှတ်တွဲအမှတ် ၅၉၂-၅/၂၀၁၇-၂၀၁၈(အေ)အား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဦးကျော်စွာစိုးပါ(၃)ဦးတို့ကို ဦးပိုင်ခွဲစိတ်မိန့်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**






## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း - ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး နှင့် ဝန်ထမ်းမိသားစုများ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း-ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း - ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/64186 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မင်းထွန်း ၇/ပခန(နိုင်)၃၁၄၆၉၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း-ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ကောင်စီဝင်များ**
**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပါမောက္ခ ဒေါက်တာကိုကိုလွင်-ဒေါ်စီစီဝင်း တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေ အသက်(၉၂)နှစ်သည် ၄-၁၀-၂၀၂၅ရက် ညနေ (၅:၄၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မိခင်ကြီး ကောင်းရာသုဂတိ ရောက်ရှိပါစေ။

**N T W 13th Batch**
**သူငယ်ချင်း မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း - ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**M Channel မိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/72153, Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောရန်အောင် ၃/လဘန(နိုင်)၀၈၄၀၃၇ က ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(ဘားအံ)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ရွှေ**

**အသက်(၉၂)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း-ဒေါ်ခင်ဆွေဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရွှေသည် ၄-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုး မိသားစု**
**စွယ်စုံမီဒီယာ(Swesone Media Group)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သီတာအေး(၂)လမ်း၊ကွင်းအမှတ်(၁၀၃၉A)၊ ကွင်းအမည်-သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်- ၂၈/[illegible] ၊ ဦးခင်မောင်ထွန်း အမည်ပေါက်မြေကွက်၊ အလျား ၂၇ပေ၃လက်မနှင့်အနံ၇၃ပေရှိ မြေကွက်နှင့်နေအိမ်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းအဆိုပြုသူ ဦးခင်မောင်ထွန်း (၁၂/လကန(နိုင်)၀၅၄၂၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်ဝင်း(၁၂/စခန(နိုင်)၀၀၅၇၈၇)နှင့် ဒေါ်ဝင်းဝင်းကြည်(၁၂/လမန(နိုင်)၀၁၆၆၉၃)တို့က အပြီးအပိုင် ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။PH-09-267188569**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်သရဖူလမ်း၊ အမှတ်(၁၁)ရှိ မြေတိုင်း(၈)၊ မြေကွက်အမှတ်(၂၈၁)၊ (၂၅x၅၀)ပေ၊ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ဝဲ)ဘက် (၁၂ ၁/၂ x ၅၀)ပေ၊ တိုက် ခန်းကို ကန်ထရိုက်တာ ဦးစိုးမောင်မောင်ဝင်း ၅/မမတ(နိုင်) ၀၄၃၆၇၂မှ ရောင်းချရာ၌ ဒေါ်ဝိုင်ချေ (ခ)ခင်စန္ဒာသန်း ၁၁/တပဝ(နိုင်) ၀၀၀၇၄၀မှလည်း ဝယ်ယူရန် သဘောတူညီပါ၍ (၄-၁၀-၂၀၂၅)ရက်တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝိုင်ချေ(ခ)ခင်စန္ဒာသန်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ(စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ကျောက်တောင်)၊ ဦးပိုင်အမှတ်(၁၄၉-က)၊ ဧရိယာ(၀ဒသမ၀၉၂)ဧက၊ မြေငှားဂရန်အမှတ်တွဲအမှတ် ၇၉၃-၅/၁၉၉၅-၁၉၉၆(A)၊ ဦးစိုးဝင်း ၁၃/လရန(နိုင်) ၀၁၀၀၅၃ အမည်ပေါက် မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ခွင့်ပြုပေးနိုင်ပါရန် ဦးစိုးဝင်း ၁၃/လရန(နိုင်)၀၁၀၀၅၃မှ လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးစိုးဝင်း၏ မိတ္တူမှန်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရွာမရပ်ကွက်၊ ဂရုဏာ(၁)လမ်း၊ အမှတ်(၆၄)ဟုခေါ်တွင်သော (အလျား ၂၃ ပေxအနံ၅၀ပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးမင်းသန့်(ဘ)ဦးလှသောင်း(၉/စကေန(နိုင်)၀၅၄၁၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရွှေကြုံး (၄/မတပ(နိုင်)၀၂၄၉၈၅)တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဖြိုးပိုင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ ပထမထပ်၊ (၇)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၈၉၁၁၈၇၅၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ရွာသစ်ပိုင်း-၁၅နယ်မြေ၊ စံပယ်လမ်းသွယ်-၁၊ အိမ်အမှတ်-၁၈၇ဟုခေါ်တွင်သော မြေအကျယ်အဝန်း ၁၇ပေx၃၈ပေရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာထွန်း (ဘ) ဦးလှဝေ ၁၂/ဗတထ(နိုင်) ၀၃၁၆၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း လူကိုယ်တိုင်ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဝမ်းတွင်းမြို့၊ အမှတ်(၂)နယ်မြေ၊ အမှတ်(၄)ရပ်ကွက်နေ ဦးသိန်းရွှေ ၉/ဝတန(နိုင်)၁၆၁၈၃၉၊ ဒေါ်စန်းစန်းဝေ ၉/ဝတန(နိုင်)၀၀၆၄၈၆တို့၏သမီးဖြစ်သူ တာချီလိတ်မြို့နေ မထက်ထက်အောင် ၉/ဝတန(နိုင်)၂၂၃၀၉၄သည် မိဘနှင့်အစ်ကိုတို့၏ ဆိုဆုံးမမှုများကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မထက်ထက်အောင်ပြုမူဆောင်ရွက်ခဲ့သည့် ကိစ္စအဝဝမှာ မိဘများနှင့် သက်ဆိုင်ခြင်းမရှိ၍ ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းရွှေ-ဒေါ်စန်းစန်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သီဟထွန်း(LL.B,DBL,DIL,MPA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၇၇)**
**အမှတ်(၃)၊ ဗဟိုရပ်၊ ဝမ်းတွင်းမြို့**
**ဖုန်း-၀၉- ၄၅၅၅၇၀၂၇၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရွာမရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၃)ဟုခေါ်တွင်သော (အလျား ၂၅ပေ x အနံ၃၀ပေ) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စုစုလွင်(ဘ)ဦးမျိုးမြင့် (၁၂/မဂဒ(နိုင်)၁၄၀၉၉၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြာမိုးဝင်း(၉/တကန(နိုင်)၁၀၀၆၁၄)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိဖြိုးပိုင်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်- ၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ ပထမထပ်၊ (၇)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၈၉၁၁၈၇၅၄၁**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ ပညာသီရိလမ်းရှိ မြေတိုင်း(၇၇)၊ မြေကွက်အမှတ်(၁၁၆)၊ မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ အမည်ပေါက် (က) ဒေါ်မြင့်မြင့်လှိုင် ၁၂/တမန(နိုင်) ၀၅၁၈၇၅၊ (ခ)ဦးထွန်းထွန်းဦး ၁၂/တမန(နိုင်) ၀၇၆၁၂၁၊ (ဂ) ဒေါ်သန်းသန်းထွေး ၁၂/တမန(နိုင်) ၁၃၂၂၁၉၊ (ဃ)ဒေါ်စုစုမာ ၁၂/တမန(နိုင်) ၁၂၄၂၉၅၊ (င) ဦးထွန်းထွန်းနိုင် ၁၂/တမန(နိုင်) ၁၄၃၆၉၂တို့(၅)ဦးမှ ပိုင်ဆိုင်သော မြေကွက်ကို ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် ကမ်းလှမ်းရာ၌ ဒေါ်သူဇာဦး (ခ) သန္တာဦး ၁၂/တမန(ဧည့်) ၀၀၀၃၁၇မှ (၃-၁၀-၂၀၂၅) ရက်တွင် ဝယ်ယူရန် သဘောတူညီပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဦး(ခ)ဒေါ်သန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး(စဉ်-၃၀၈၀၇)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅ သမိုင်း)၊ မြေကွက်အမှတ် (၁/ခ-၇၄)၊ မြေဧရိယာ(၀.၂၁၅) ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၁၁၇/ဒီ)၊ ရွှေနှင်းဆီ(၅)လမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ခြံစည်းရိုး အခိုင်အမာကာရံထားသော မြေချည်းသက်သက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမော်သိန်း(ဘ) ဦးသိန်းဖေ (၁၂/မရက(နိုင်)၀၈၂၁၇၀)၊ အခန်း(၂၀၁)၊ တိုက်(C)၊ မင်းဓမ္မကွန်ဒို၊ ၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ဒေါ်ထားထားအေး(ဘ)ဦးသိန်းဖေ(၁၂/မရက(နိုင်)၀၈၁၄၇၁)၊ အမှတ်(၂+၃)၊ ရွှေတောင်လမ်း၊ မလိခဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့ထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀ အိုင်[illegible])၊ မြေကွက်အမှတ် (IV ၃၉)၊ မြေဧရိယာ(၀.၀၄၇)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၅၄/၁၅၆)၊ (၅၁)လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် Hotel-51 အဆောက်အအုံအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘသိန်း(ဘ)ဦးရွှေသိန်း (၁၂/ဗဟန(နိုင်)၀၁၃၂၀၁)၊ အမှတ် (၁၀၈)၊ ရေတာရှည်လမ်းဟောင်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖခင်အမည်မှန်

ရန် ကုန် တိုင်း ဒေ သ ကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း Grade-8 မှ မသံစဉ်ချို၏ ဖခင်အမည်မှန်မှာ ဦးဇေယျာကိုကို ၁၂/လသန(နိုင်)၀၂၀၆၂၉ ဖြစ်ပါကြောင်း။ **ဦးဇေယျာကိုကို**

## ဖခင်အမည်မှန်

ရန် ကုန် တိုင်း ဒေ သ ကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း Grade-12မှ မဝိုင်းစုပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမိုးအောင် ၁၂/တကန(နိုင်)၁၅၉၂၅၉ ဖြစ်ပါကြောင်း။

**ဦးမိုးအောင်**

## ပတ်စ်ပို့ပျောက်

မြတ်နိုး ၉/မလန(နိုင်) ၁၉၃၈၇၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (MH-063984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၄၃၇၃၁၃**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မူလွန်-ကိုင်း(တ)ကျောင်းတွင် အလယ်တန်းပြ ဆရာ ဦးအောင်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုလေး MGN-၀၀၀၈၃၉ဖြစ်ပါကြောင်း။ **ဦးမောင်ကိုလေး**

❖ စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းသည် အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ် ...

❖ အစကောင်းမှ အနှောင်းသေချာမည်ဆိုသကဲ့သို့ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး စက်မှုလယ်ယာစနစ်ကျ လယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ရေရှည်အကျိုးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပင်လောင်းလမ်းဆုံအနီးရှိ စက်မှုလယ်ယာ စနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် အောက်တိုဘာ ၆ – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ မြန်မာ့အလင်း

**ယနေ့ သတင်းအညွှန်း**


**တူကီယဲနိုင်ငံ၌ လွန်ခဲ့သည့် ၁၀ ရက်အတွင်း ဆိုက်ဘာရာဇဝတ်မှုများကြောင့် လူပေါင်း ၅၆၇ ဦး ဖမ်းဆီး**
နိုင်ငံတကာသတင်း စာ ၁၄

**သီတင်းကျွတ်ကာလ ပိတ်ရက်အတွင်း DEMU အထူးရထားများတိုးချဲ့ပြေးဆွဲ ခေတ်မီလေအေးပေးစက်ပါ DEMU လူစီးအမြန်ရထား နှစ်စင်း နေ့စဉ်ပြေးဆွဲပေးမည်**
ပြည်တွင်းသတင်း စာ ၁၉

**အပူပိုင်းမုန်တိုင်းမတ်မို ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်**
ပြည်တွင်းသတင်း စာ ၂၃





သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၌ ပထမဆုဖလားရရှိခဲ့သည့် မြန်မာ (ISPE) အသင်းအား တွေ့ရစဉ်။

# မြန်မာ(ISPE)အမျိုးသားဘောလုံးအသင်း သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ၌ ပထမဆုဖလား ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၆

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့၌ ကျင်းပသည့် သုံးနိုင်ငံ ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE)အမျိုးသားဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြသုံးဦးနှင့် အားကစားသမား ၁၇ ဦး စုစုပေါင်း အင်အား ၂၀ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

သုံးနိုင်ငံ ဖိတ်ခေါ်ဖလားအမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အောက်တိုဘာ ၁ ရက်တွင် မြန်မာ(ISPE)အသင်းသည် တရုတ်(ဟူလန်း)အသင်း နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊

*စာမျက်နှာ ၂၀ ကော်လံ ၃* ❖



# ဆဲလ်တာဗီဂိုက အက်သလက်တီကိုမက်ဒရစ်ကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရ

စပိန်လာလီဂါပွဲစဉ် (၈) အဖြစ် အောက်တိုဘာ ၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဆဲလ်တာဗီဂိုနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**ဦးဆောင်ဂိုးရရှိ**

အက်သလက်တီကိုမက်ဒရစ်အသင်းထက် ဆဲလ်တာဗီဂိုအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု၊ ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးဖန်တီးမှုအသာဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ပွဲကစားချိန် ၆ မိနစ်တွင် ဆဲလ်တာဗီဂိုအသင်း ခံစစ်ကစားသမား ကားလ်စတားဖက် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍

*စာမျက်နှာ ၂၀ ကော်လံ ၃* ❏